ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူများ သခင်ဘဝရှင်မင်း တရား 1550
ကြီး အမိန့်တော်ရှိသည်။ သက္ကရာဇ် ၉၁၂ ခုနှစ် ဇေယျဝတီကိုတည် တော်မူသည်။
တောင်ငူကိုကား လိုသေး သည်။ ဆော ဆောလျှင်လျှင်ချီရန်သီရိ ဇေယျနော်ရ
ထာ လျှောက်သည်။ ချီမည်ဆဲဆဲသ ပြေတခိုင်တည်း**ဘွင်**၅လုံး သီး သည်။ အခေါင်ဆုံး မှ
သီး သောအသီး ကိုဆွတ်၍ စား သည် အိပ်မက်မြင် တော်မူသည်။ မြင်မက် သောနိ
**မိတ်** တော်သည်ဇမ္ဗူလုံး ကိုအောင် စေမည်မချွတ်ဖြစ်သည်။ ကိန်း ခန်း တာရာ
တွက်သည့်အခါလည်း ငါး စီး ရှင်ရှမ်း ပြည်ကိုအောင်ဘူး သောအခါစန်း လက်ကြိုက်
နေနှင့်ညီသည်။ နိမိတ်နာရာတွင်လည်း လင်း ဆက်ငှက်သည် မြေကိုချီ၍တပ်ဦး ထွင်
ချသည့်နိမိတ် ကောင်း လှသည်။ တဘောင်နာရာတွင်လည်း စား မည် သောက်မည်
ကြိုး ကြိုစည်၍ ပေါက်သတည်း ဖေါ်ခြင်း တို့ဆို သောတဘောင်များ နှင့်ကျိုက်သည်။
ကြက်ငိုး ထိုး ရာမှာလည်း ခုန်မှိုင်း ကြီး စော်ဘွား သည်မြန်မာပြည်သို့ ရောက်
ဘူး လေ သောကြက်ငိုး နှင့်တချက်တည်း ကျိုက်သည်။ နတ်ဆိုရာမှာလည်း စနေနှင့်
ဗုဒ္ဓဟူး ကိုချီလေဆိုသည်။ သိုက်စာမှာလည်း ဆင်မင်း ခံတွင်း ဆင်ဖြူနင်း ပွင့်
လင်း တိုင်း ကား များ လတံ့ သာသနာလည်း ရောင်ဝါရှေ့ထက်တိုး လတံ့ဟူ သော
သိုက်စာနှင့်ညီသည်။ သို့ဥာဏ်မြတ်အကြံမြတ်ဦး ထွင်ခပ်သိမ်း ကောင်း ခြင်း ပြည့်
စုံသည်။ ချီတော်မူမည်။ ဗိုလ်မှူး စစ်ကဲဝန်ကြီး စစ်ကဲနား ခံတို့အသင့်ရှိနှင့်စေ။ 29 October 1550

သက္ကရာဇ် ၉၁၂ ခုတန်ဆောင်မုန်းလပြည့်ကျော်၅ရက်နေ့ ဒေါဖညား
ထွင်ပြန်။

(သုရိယ၊ ဂျွန်၁၉၃၃၊ စါ၅၄ ရှေး ဟောင်း စါပေသုတေသီ)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူများ သခင်အသျှင်ဘဝရှင်မင်း 1551
တရားကြီး ဘုရားအမိန့်တော်ရှိသည်၊ ယခုနှစ်(သက္ကရာဇ်၉၁၃ )သရေ
ခေတ္တရာကပြန်ကဲ့၍ ရောက်တော်မူစရှိသည်၊ ဟံသာဝတီပဲခူး သားတို့မညီညာ
အချင်းချင်း ပုံစား ပုံကန်စနောင့်စနင်း ရှိသည်၊ ချီတက်လုပ်ကြံကအရေးပြီး
မည်ဟုသီရိဇေယျနော်ရထာ လျှောက်ချက်သည်သဘော တော်ကြိုက်ညီသည်၊ ဗေဒင်
ကျော်တို့ကိန်းခန်း တွက်ရာလည်း အနော်ရထာမင်း သည်တရုပ်ပြည်နှင့်သိန်း
ယိုဋ္ဌကျွန်းတိုင် အောင်စွယ်တော်ညှပ်ရိုး တော်များကိုရှာ၍ မင်းကိုနှိမ်နင်း
အောင်တော်မူကိန်းနှင့်ညီသည်၊ လက်နေကြိုဟ်နေ များမှာလည်း တချက်တည်း
ညီသည်၊ နိမိတ်နါရာမှာလည်း လူအရှင်ကိုလင်း ဒကိုက်သည်နိမိတ်ညီသည်၊ တဘောင်
နာရာလည်း အောင်ပြီး လေအောင်ပြီး လေသာလှလေး ဆိုသည့်တဘောင်ညီသည်၊
စနည်းနာရာမှာလည်း ရေနှင့်မြေကိုအစိုး ရသည်ကား ထိုမင်းသာဆိုသည်၊ စ
နည်းကြိုက်သည်၊ ကြက်ရိုးထိုး ရာမှာလည်း အနော်ရထာစောတိုင်း ခွင်လှည့်လည်
၍အကျွန်းကျွန်းကို အောင်မြင်သော ကြက်ရိုးနှင့်ကြိုက်သည်၊ တမျဉ်းထိုး ရာမှာ
လည်း သူကအိပ်၍တို့ကထိုး ရသောတမျဉ်း ကျသည်၊ စာကောက်ရာမှာလည်း ဗော
ဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်သော ပုံစာရေး ကျသည်၊ နတ်ဆိုရာမှာလည်း
ဗုဒ္ဓဟူးသားနှင့်စနေသားကို ဆောင်လေအောင်၏ဆိုသည်၊ သိုက်စာမှာလည်း
တဆင်တတန်း နေဆန်း နေကာကပ်လာ ရွှေနန်း ဘုရားမြန်း၍ ရွှန်းရွှန်း
ပေါက်မည်မြင်တော့ မည်မြင်တော့မည် လေး ပါသည်၊ သို့အကြံကောင်း ရသည်၊ အ
တိတ်ကောင်း နိမိတ်ကောင်း စုံသည်နှင့်ညီသောကြောင့်၍ နှစ်(သက္ကရာဇ်၉၁၃)ယင် 1551
ဟံသာဝတီသို့ရေကြောင်း ချီတော်မူမည်၊ ငါ့လှေလှော်ကား သံလှေမိကျောင်း
လှေများကိုပြင်၊ ညီတော်ပြည်မင်းနှင့် ဗိုလ်ပါအများ ဒလမြို့သို့ ချီ။ 30 November 1551

သက္ကရာဇ် ၉၁၃ ခုပြာသိုလဆန်း ၄ ရက် ဒေါ်ဗညားထွင်ပြန်။

(သူရိယ၊ ဇွန် ၁၉၃၃၊ စာ ၅၄-၅၊ ရှေးဟောင်း စာပေသုတေသီ)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူများ သခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ သတိုး သီရိမဟာဥဇနာသည်တိုင်း ရေး ပြည်မှုစီရင်ခင်း စီရင်ဘွယ်ရှိသမျှကိုခန့်ထား တော်မူ၍ စီရင်ရသည့်ဝန်ကြီး ဖြစ် လျှက်ငါ၊အသျှင်ဧကရာဇ်မင်း မြတ်အလို တော်ရှိသည့်အမှုကိုအမှုမမှတ်မကြည့်မရှုမစီ ရင်၊ ဇင်း မယ်ကြောင်း ချိတပ်သို့ စေသည်မှာလည်း တန်ဆောင်မုန်း လကသည် ယခု တောင်မပြန်မရောက်၊သင်းတို့ကဲ့သို့ နေလိုရာ နေ၍ ရှည်ကြာရလျှင်အရေး တော်ကိုကြား သိတော်မူရမည်မဟုတ်၊ မင်း မှုတော်ကိုခန့်ထား စီရင်သည်၊ ထို အမှုသည် နေ့ခန့်ရက်ခန့်အမှု တော်ဟုန်တွင် အောင်ကြည့်ရှုခန့်ထား ရမည်သာဖြစ် သည်၊ သင်းတို့ နေလိုရာ နှင့် နေ၍ ရှည်ကြာရသည်အရာသည် ဝန်ကြီး မကြည့်မရှုမစီရင် ပေါ့လျော့သောကြောင့်ရှည်ကြာရသည်မဟုတ်လော။

17 June 1565

သက္ကရာဇ် ၉၂၇ ခုပထမဝါဆိုလပြည့်ကျော် ၅ ရက်နေ့ဒေါပညာ်း တွင် ပြန်။

(သုဓိယ၊ ဂျူလိုင် ၁၉၃၂၊ မျက် ၅၀ ၊ ရှေး ဟောင်း စာပေသု တေသီ)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူမှု သောဆင်ဖြူများ ရှင်လက်နက်စကြာသခင် ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်၊ သီဟဠဒီပတမ္ဗပဏ္ဏိယမည်သော သိန်းဃိုဃ်ကျွန်း ရောဟနဇနပုဒ်ဝါလိဒရဂါမကျောင်း ရဟန်းရှင်ဓမ္မရက္ခိတတပည့်အမ္ဗဂဟပတိယေ၊ မဟာဓမ္မေ၊ ကောဏ္ဍဂေါဓေ၊ ဝါတုရေ၊ ဗြာစမန၊ ဘောဂဟသာမဏေ ၆ ပါး တို့ဇမ္ဗူဒိပ်ကျွန်း ဟံသာဝတီမဟာရာဇဌာနီ ရွှေပြည်တော်ကြီးသို့လာရောက်ကြသည့်အကြောင်းကို သာမဏေတို့ ပြောဆိုကြသည်မှာ ဘုန်းတော်ကြီး သောသာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်သည် သာသနာတော်မြတ်ကို သဒ္ဒါကြည်ညိုတော်မူကြောင်း တရားနှင့်အညီ သာသနာတော်မြတ်ကို ချီးမြှင့်ပြုစုတော်မူကြောင်း ဇမ္ဗူဒီပါကျွန်း ဟံသာဝတီမဟာရာဇဌာနီ ရွှေပြည်တော်ကြီးမှ သာသနာတော်မြတ်စည်ပင်ထွန်းလင်းကြောင်း စေတီပုထိုးများပြားကြောင်း ဓမ္မက္ခန္ဓါစာပေပိဋကတ်အစုံရှိကြောင်းများကိုကြားသိရ၍ လာရောက်ပါလိုသောကြောင့် သိန်းဃိုဃ်ရောဟာနဇနပုဒ်ရဟန်းသံဃာတို့ကို ပန်ကြားသျှင်သင်တို့ ၆ ပါး သွား၍ စေတီပုထိုး ရဟန်းသံဃာများကို ဖူးမြှော်ကြချေ၊ စာပေပိဋကတ်အစုံရှိမရှိကိုလည်း လျှောက်ထားမေးမြန်းခဲ့ပါ၊ သာသနာတော်စည်ပင်ထွန်းလင်းကြောင်းများကိုလည်း မှတ်သားခဲ့ပါ၊ သင်တို့လည်း မကြာမမြင့်ပြန်လည်ခဲ့ပါ၊ ရဟန်းသံဃာတို့မိန့်ဆိုပါသည့်အကြောင်း အခွင့်သင့်လျှင်ဇမ္ဗူဒီပါကျွန်း ကရဟန်းသိက္ခာယူခဲ့ပါလိုကြောင်းကိုရဟန်းသံဃာတို့မှပြန်ကြားလျှင်ဇမ္ဗူဒီပါကျွန်းသို့သင်တို့ရောက်၍သာသနာတော်မြတ်အကြောင်းအရာကိုသိမြင်ရသည်ကာလအကြောင်းအခွင့်ကိုမြှော်ထောက်၍ ရဟန်းသိက္ခာကိုယူခဲ့သော်သင့်မည်ရဟန်းသံဃာတို့မိန့်ဆိုပါသည်၊ ယခုလည်း ဇမ္ဗူဒီပါကျွန်း ဟံသာဝတီမဟာရာဇဌာနီ ရွှေပြည်တော်ကြီးသို့ခရီးအကြားတွင်မသေ ရောက်၍သာသနာတော်မြတ်အကြောင်းအရာကိုသိမြင်ပါရသည်၊ သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်ဘုန်းတော်ပါရမီတော်ကိုအမှီပြု၍ ရဟန်းသိက္ခာကိုရပါလိုကြောင်းကိုတဝါတွင်းလုံး နေ့စဉ်မပြတ်လျှောက်ထားတောင်းပန်ကြသည်၊ ရဟန်းပြုလိုသောစိတ်ဖြစ်ခြင်းကိုမျှလည်း အလွန်ရနိုင်ခဲ့သည်။ စိတ်ဖြစ်သည့်အတိုင်း ရဟန်းပြုသူကိုမူကား ထို့ထက်အဆအသိန်းအသန်း မကရနိုင်ခဲ့သည်ဟူ၍တရားတော်ရှိသည်၊ သိန်းဃို၌သာ

ဏေတို့လည်း ဆုံး မပြုဝါဒခံ၍တရား ကျမ်း ဂန်နှင့်အညီကျင့် ဆောင်လို သောသ
မာဆန္ဒရှိကြသည်၊ လူ့အလုပ်အကျွေး အနက်လည်း နာဒေဆိုသသူသာမဏေပြုပါမည့်
အကြောင်း ကိုအကြိမ်ကြိမ် တောင်း ပန်သည်၊ သိန်း ဃိုဋ္ဌအက္ခရာစာ ပေအလေ့အ
လာသဒ္ဒါတရား နှင့်လည်း ပြည့်စုံသည့်သာမဏေ ၆ ပါး တို့တွင်အကြီး အမ္ဗဂဟပတိ ယေ
ကိုသဂြိုဟ်ကျမ်း ၊ သာမာ ဏေ ၅ ပါး ကိုသဒ္ဒါသင် စေသည်၊ အတန်သင်မိလျှင်ရဟန်း ပြု
လိုကြ သော ဥဿဟဆန္ဒရှိကြလှ သော ကြောင့်ပါတိ မောက်ကိုသင် စေသည်၊ လူနာဒေကို
လည်း သာမဏေပြုလို သော ကြောင့် သေခိယကိုသင် စေသည်၊ သာသနာ တော်မြတ်ကို
သဒ္ဒါကြည်ညိုခြင်း ရှိသည့်အတိုင်း ရဟန်း သာမဏေအဖြစ်ကိုရထိုက်သည်နှင့်အညီသိန်း
ဃိုဋ္ဌသာမဏေ ၆ ပါး နှင့်လူနာဒေတို့ကိုရဟန်း သာမဏေအဖြစ်ဖြင့်ချီး မြှင့် တော်
မူ သောသာသနာ တော် ၅၀၀၀တိုင် အောင်သိန်း ဃိုဋ္ဌကျွန်း မှာသာသနာ တော်
မျိုး စေ့ထား တော်မူသည် စစ်စစ်ဖြစ်မည်၊သိန်း ဃိုဋ္ဌကျွန်း တိုင် အောင်ရဟန်း
သာမဏေအဖြစ်ဖြင့်သာသနာ တော်မြတ်ကိုချီး မြှင့်ခြင်း ကုသိုလ် တော်ပွါး များ မည်၊
ပုဂံ၊ မြင်စိုင်း ၊ စစ်ကိုင်း ၊ ပင်း ယ၊ အင်း ဝပြည်ထဲမင်း အဆက်ဆက်သိန်း ဃိုဋ္ဌ
ကျွန်း သာမဏေတို့ကိုရဟန်း သာမဏေပြုရသည်မကြား ဘူး ရ၊ ဘုန်း တော်ကြီး သော
တရား မင်း မြတ်တွင်မှဘုန်း ပါရမီ တော် ကြောင့်သာသနာ စောင့်နတ်သိကြား
တို့ ဆော်နှိုး မစ၍သိန်း ဃိုဋ္ဌကျွန်း သား လူသာမဏေတို့ကိုရဟန်း သာမဏေပြု တော်
မူရသည်၊ အလွန်ရနိုင်ခဲ သော အသာဓါရဏ ပုညဝိ သေသကုသိုလ်ပါရမီ တော်ထူး ပွါး
များ မည်အကြောင်း ကို လောကုတ္တရာဆရာ တော် မေတ္တာစာဆက်သွင်း သည့်အတိုင်း
အမ္ဗဂဟပတိ ယေ၊ မဟာဓမ္မေ၊ ကောဏ္ဍ ဂေါဓေ၊ ပြာစမ[illegible]၊ ဝါတုရေ၊ဘောဂဟတို့
ကိုပဉ္စင်း အဖြစ်သို့သွင်း တော်မူမည်၊ ပဉ္စင်း လောင်း တော်တို့မှာပုဆိုး အနား
ပါရွှေဖြင်ဝတ်လုံဘဲဂုံ ၃ ဆင့်တပ်၊ ရွှေစလွယ်တဆဲ့နှစ်သွယ်၊ ဖေါင်း ကတ္တီပါရွှေသား
တမာ ရွက်ထောင်၊ ရွှေနား ဒောင်း ၊ ရွှေလက်ကောက်၊ ကျောက်စီ ၃ ဆင့်၊
လက်စွပ်၅ကွင်း ဝတ်ဆင်စေ၊ ထမ်း စင်တလဲကိုး ဝန်း ၊ ကျိုင်း ရွှေချက်အရိုး အ
နီသုတ် ၂၊ ထီး နီအရိုး ရွှေကြိုးဆစ်၊ ရွှေညောင်ရွက်၃ဆင့်ဆွဲ ၂၊ ကွမ်း ခွက်ဂ ထောင့်
ပယင်း တပ်၊ကွမ်း လိပ် ၃ မြွှာ၊ လက်ဘက်အိုး ၊ တကောင်း ဖိတ်ဂ ထောင့် ပယင်းတပ်၊
ရွှေထွေး အင်၊ ဆွဲယပ် ရွှေဖိန်း ၊ ရွှေထီး ၂ စီး နင်း ဆောင်ရွက်စေ၊ ရှင်

လောင်း နှာ ဒေကိုပုဆိုး အနား ပါ၊ ရွှေဖြင့်ထက်လုံ ရွှေပေါက်ခြင်း ၊ ရွှေကုံး ၊
ရွှေနား ငွေခွင်း ၊ ရွှေလက်ကောက် ၂ဆင့်၊ ရွှေလက်စွပ် ၂ကွင်း ၊ ဓါး ယွန်း
တို့၊ ကျိုင်း ဆင်စွယ်ချက်ပြည့်၊ ရွှေကြပ်လက်ဘက်အိုး ၊ တကောင်း ဗိတ်အဝန်း ၊ ငွေ
ဖွေး အင်၊ ထမ်း စင်လက်ခတ် ပုံ့စုံ့ထီး ရွှေမှော်ကြဲ အနား သံငှံ ရွှေထည့် ဆွဲ၊
ယပ်နီ ရွှေရေး ဝတ်ဆင်စီး နင်း ဆောင်ရွက်စေ၊ ပဉ္စင်း လောင်း တော်၊
2 December 1568
ရှင်လောင်း တော်တို့ကိုသက္ကရာဇ် ၉၃၀ပြည့်နတ် တော်လဆန်း ၁၄ရက် နေ့ကကံ
ဆောင်စေ၊ ပဉ္စင်း လောင်း တော်ရှင်လောင်း တော်တို့ကိုအကြီး အကြပ်နှင့်
2 December 1568
ခန့်မြဲခန့်၊ သက္ကရာဇ် ၉၃၀ပြည့်နတ် တော် လဆန်း ၁၄ရက် နေ့နံနက်စီစဉ်
ခင်း ကျင်း၍အ သောကာရာမတိုက်ရတနာ ကျောင်း တော်မှာပဉ္စင်း လောင်း
တော်ရှင်လောင်း တော်တို့ကိုသည်အစီအစဉ်အခင်း အကျင်း အတိုင်း ရွှေနန်း
တော်သို့ဝင်၍ပြုမြဲပြု စေ၊ ရေစက် တော်သွန်း ပြီး မှငြိမ်သက်စွာထွက်သွား စေ၊
ဆင်ကျိုး ရွှေကုသိမ် တော်သို့ ရောက်လျှင်ပဉ္စင်း လောင်း တော်ရှင်လောင်း တော်
တို့ကို ဆောက်ထား သည့်တဲကနွှား တွင်ငြိမ်သက်စွာ နေ စေ၊ ပဉ္စင်း လောင်း တော်
တို့ကိုသိမ် တော်သို့ဝင်မြဲဝင် စေ၊ ငြိမ်သက်လျှင်ရခဲခြင်း ၅ပါး ကိုအမိန့် တော်ပြန်မြဲ
ပြန် စေ၊ ပြန်ပြီး လျှင်အခါ တော်အတိုင်း ကမ္မဝါတင်မြဲတင် စေ၊ ဆရာ တော်သင်္ဃာ
တော် ၅ရပါး ကိုလည်း သုခမ္မဇရပ် တော်သို့ပင့်၍ဆွမ်း ပစ္စည်း လှူဒါန်း ကျွေး မွေး
စီရင်၍ ရှိသည်ကိုပြီး ပြေ အောင်စီရင်။
3 April 1568
သက္ကရာဇ် ၉၃၀ပြည့်ကဆုန်လဆန်း ၈ရက် နေ့ နေမိန္တရတွင်ပြန်။

(သူရိယ၊ မေ ၁၉၃၃၊ စါ ၆၅-၇၊ ရှေး ဟောင်း စါပေသုတေသီ)

5 April 1568

5 April 1568

သက္ကရာဇ် ၉၃၀ ပြည့်ကဆုန်လဆန်း ၁၀ ရက် နေ့ နေမိန္တရတွင်ပြန်။

(သူရိယ၊ အတွဲ ၁၇၊ အမှတ် ၁၊ မတ် ၁၉၃၃၊ စါ၆၇-၈၊ ရှေး ဟောင်း စါပေ သုတေသီ)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်
လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊
ရှေး ရှေး သောကိုယ်... တော်အဖြစ်၌ဖြည့်ကျင့်ဆည်းပူး တော်မူခဲ့သောကုသိုလ်
ကံတော်ကြောင့်ယခုဘဝမြတ်သောမင်း အဖြစ်သို့ရောက်တော်မူလျှင်ဘေး လောင်း
တော်မဟာသမတစကြာမဏ္ဍပ်မင်း မြတ်မင်း ကောင်း တို့ဘိသိက်ခံသည့်ထုံး စံသက်
သေရှိသည့်အတိုင်း မုဒ္ဓါဘိသိက်ကိုနှစ်ကြိမ် မြောက်စင်ခံ တော်မူသည်၊ မင်း တို့ကျင့်
အပ်သောရာဇဓမ္မတရား အပေါင်း ကိုလည်း မစောင်း မမှား စေရကျင့်ဆောင်
တော်မူသည်၊ သဗ္ဗညုတဘုရား ဟောကြား တော်မူအပ်သောတရား ဒေသနာ
များ စွာယိုယွင်း သဖြင့်ရဟန်း ရှင်လူပြည်သူပြည်သား တို့အကျင့်သီလတိမ်း စောင်း
သမျှကိုလည်း အနာဂတသုတ္တ ဒေသနာဗျာဒိတ်တော်နှင့်အညီကိုယ်တော်၏ပင်ပန်း
ခြင်း ကိုမငဲ့နှစ်ပေါင်း များ စွာမှန်ကန်ရာဖြစ်စေကြောင်း ကိုရွှေနှလုံး တော်
ထား လျှက်တရား သဖြင့်ဆွေး နွေး ပြောဆိုတော်မူသည်၊ တရား အပေါင်း ကြောင့်
မင်း ဆက်တကာရခဲစွာ သောဆဒ္ဒန်ဆင်မင်း ကိုရတော်မူခြင်း ။ လက်နက်စကြာ
ရတနာအပေါင်း ရွှေစက်တော်အောက်များ စွာရောက်ခြင်း၊ ဘုန်း တော်ကြီးလျက်
သက်တော်ရှည်ခြင်း စသောများ မြတ်သောကောင်း ကျိုး အပေါင်း နှင့်ပြည့်စုံ
တော်မူသည်၊ တိုင်းကြီးပြည်ကြီးဆိုသမျှသည်သူခိုးထိး ပြလျှပ်စား ပေါက်စား ပြုသူတို့
နှင့်မကင်း ရာဘုရား လက်ထက်ရာဇကြိုဟ်သာဝတ္တိအစရှိ သောတိုင်း ကြီး ပြည်ကြီး
တို့၌လည်း ခိုး သူခိုး သား များ ပေါ်ရှိကြောင်း ကိုဇာတ်နိပါတ်ကျမ်း ဂန်တို့၌
လာသည်၊ ရွှေပြည်တော်မှစ၍နိုင်ငံတော်မြို့ပြ ကျေး ရွာများ မှာလည်း တိုင်း ကား
ပြည်ရွာကြီး ကျယ်များ ပြား သည်ဖြစ်၍တယောက်ဥစ္စာကိုတယောက်လျှပ် ပေါက်ခိုး
ဝှက်ခြင်း ၊ နိုင်ထက်စီး ကဲမ တော်မသင့်ကျင့်ခြင်း အမှုပေါ်ထွက်သည်၊ ပေါ်ထွက်
သမျှကိုလည်း မှန်ကန်ရာစစ်ဆေး ၍ဒဏ်ထိုက်သူကိုဒဏ်နှင့်လျော်စွာရာဇဝတ်
ကြောင်း ထုံး စံအတိုင်း သတ်တန်သူကိုသတ်ရသည်၊ ဖြတ်တန်သူကိုဖြတ်ရသည်၊ ထိုသို့ကွပ်
ညှပ်စီရင်တော်မူရခြင်း သည်လည်း လောကတ္တစရိယ၊ ပြည်သူတို့အကျိုး စီး ပွါး ကို
ထောက်တော်မူ၍ကွပ်ညှပ်စီရင်တော်မူရခြင်း ဖြစ်သည်၊ ရာဇဝတ်ထုံး စံစီရင်
ရန်အမှုထိုက်သော်လည်း ငါအရှင်ဧကရာဇ်မင်း မြတ်နှင့်စပ်သောရွှေငွေရတနာ

ဘဏ္ဍာတော်များကိုခိုးယူဖျက်ဆီးသည့်အမှုပေါ်ထွက်လျှင်ဇီဝိတဒါနအသက်အလှူကို
ထောက်တော်မူ၍ရာဇဝတ်တော်ကိုချမ်းသာပေး တော်မူသည်၊ ပြည်သူပြည်သား
တို့ဥစ္စာကိုလုယက်ခိုးယူသည့်အမှုတဦးကိုတဦး နိုင်ထက်စီးကဲပြုကျင့်သည့်အမှုများ
မှာမူကား ငါကိုယ်တော်နှင့်စပ်သည့်အမှုကဲ့သို့မဟုတ်၊ ဒဏ်ထိုက်သူကိုဒဏ်နှင့်လျော်
စွာစီရင်အပ်သည်နှင့်အညီစီရင်ရမည်၊ ဘုန်း တော်ကြီး၍သက်တော်ရှည်သမျှကာ
လ၌ငါအသျှင်ကေရာဇ်မင်းမြတ်အားပြစ်မှားကျူးလွန်သူတစုံတရာပေါ်ထွက်
သည်ကိုရာဇဝတ်အလျောက်စီရင်ရမည်အမိန့်တော်ရှိလျှင်ရာဇဝတ်တော်ကိုချမ်း
သာစေထုတ်ပြန်တော်မူသည့်အမိန့်တော်ရှိကြောင်းကိုဝန်ကြီးအတွင်း ဝန်ဝန်
ထောက်တို့ရွှေနား တော် ကြား လျှောက်ထားရမည်၊ မှူး မတ်ဆိုသည့်အရာသည်
ငါအသျှင်ကေရာဇ်မင်းမြတ်အကျိုး စီး ပွါး တိုင်း သူပြည်သားတို့အကျိုး စီး ပွါးများ
မြတ်သည့်အကြောင်းကိုနှလုံး သွင်း အပ်သည်နှင့်အညီ နေ့ညနှလုံး ထား၍ဆင့်ဆိုစီရင်။
ရွှေတော်သို့ဝင်၍ခယမ်း ကြသည့်ထုံး စံမှာနန်း မစနုမြဲ၊ ဇေတဝန်မြဲ၊ ရွှေစနု
နောက်စနုမြဲ၊ ဩတိုက်မြဲ၊ ပြဿဒ်ဝန်း ကျင်မြဲ၊ လေသာပဂိုတ်နာဆက်မြဲ၊ အသီး အ
သီး အဆောင်နှင့်အိပ်ဖန်တော်လျှောက်၍မြဲစွဲထမ်း ရွက်ကြသည့်မှူး တော်မတ်တော်
တို့သည်မြဲသည့်အဆောင်တွင်သာနေ၍ထွက်တော်မူမှခယမ်း ကြသည်၊ ခေါ်တော်မူမှ
လည်း မှန်နန်း တော်သို့ဝင်ကြရသည်၊ အစဉ်ထုံး စံရှိသည်အတိုင်း အဆောင်မြဲတို့သာ
ခယမ်း မြဲရှိသည်ကိုလျှောက်ထား သင့်သည်ဖြစ်သောကြောင့်ဝန်ကြီး ဝန်ထောက်မြို့
ဝန်နားခံစာရေးတို့ကိုလည်း ညီလာခံသို့ဝင်၍ခယမ်း စေသည်၊ ဝန်ကြီး ဝန်ထောက်
မြို့ဝန်နာခံစာရေးကြီး တို့ပြင်မခယမ်း စေနှင့်၊ အိမ်ရှေ့ဝန်တို့နှင့်မင်း ညီမင်း
သား မင်း မိဖုရား မင်း သမီး တို့ဝန်ကြီး စာရေး တို့မှာလည်း ရွှေတော်သို့ဝင်
၍ခယမ်း စေလိုလျှင်ခယမ်း စေ၊ မှူး မတ်ဖြစ်လျက်အိပ်လှည့်အိပ်ဖန်နှင့်မထမ်း မရွက်
သူတို့ကိုမဝင်မထွက်မခမယမ်း စေနှင့်၊ ရွှေမြို့တော်အတွင်း မှာလည်း မနေစေနှင့်၊
အစုသွေး သောက်အစီး အနင်း အဆောင်အရွက်ဘွဲ့အမည်အရည်ကိုသိမ်း ၊ အဝေး မြို့
ရွာဝန်စစ်ကဲခန့်တော်မူသူတို့ကိုအရာကနှုတ်၍ ရွှေဘဝါး တော်အောက်ရောက်သူတို့
မှာလည်း မြဲရင်း အဆောင်တော်တွင်အိပ်လှည့်အိပ်ဘန်နှင့်မြဲစွဲထမ်း ရွက်စေ၊ အိပ်
ဖန်မဝင်မထွက်သူတို့ကိုအစီး အနင်း အဆောင်အရွက်ဘွဲ့အမည်အရည်များ ကိုနှုတ်။

10 April 1568

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေ မြေအရှင်ဆန္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ ?1483
မိန့် တော်ရှိသည်၊ ၄၅စာရင်း မှာပုတလင်ရွာကငပန်း ထွေး အိမ်တွင်သား
သမီး မှန်သူတို့ကိုတွဲဘက်၍တချက်တည်း စာရင်း မပါမြေး တို့ကိုသာတွဲဘက်၍တအိမ်
တည်း ဆက်သွင်း သည်၊ သား သမီး မှန်သူတို့ကိုအိမ်ခြား ၍တအိမ်စီဆက်သွင်း ပါဝင်
သည့်အရာသည်သား သမီး မြေး မြစ်မှန်လျှက်အမျိုး အဆွေကွဲပြား ရှိကြသည်မကွဲပြား
ရှိ လေပြီး သောအမျိုး အဆွေတို့အား မကွဲမပြား စေရ၊ စေ့စပ်စုရုံး ခြင်း သည်
လည်း ယောကျ်ား မြတ်တို့၏လက္ခဏာ တော်ကြီး ၃၂ပါး တွင် ကောသစ္ဆာဒဂ်ဇာတ၊ ?1483
လက္ခဏာ တော်ရခြင်း အကြောင်း ဖြစ်သည်ကိုကျမ်း ဂန်လာရှိသည့်အတိုင်း ၄၅စာ
ရင်း ကွဲပြား သီး ခြား ရှိ လေသည်၊ အမျိုး အဆွေသား မြေး မြစ်တို့အား မကွဲမပြား ?1483
စေရ၊ ယခုစစ်သိမ်း တော်မူသည့်စာရင်း တော်တွင်၄၅ခုကသား သမီး မြေး မြစ်
မှန်လျှက်ကွဲပြား ၍အိမ်ခြား မှန်သမျှကိုစာရင်း တော်မှာမကွဲမပြား စေနှင့်၊
အမိအဘနှင့်တချက်တည်း တအိမ်တည်း သာစာသွင်း စေ၊ အရပ်ရပ်မြို့ရွာအစုအ
ငန်း များ မှာလည်း သည်ကဲ့သို့ကုသိုလ် တော်အထူး ဖြစ်စိမ့် သောငှါပေါင်း စုစည်း ?1483
ရုံး တော်မူသည့်အတိုင်း သား သမီး မြေး မြစ်တို့ကို၄၅ခုစာရင်း ကအိမ်ကွဲပါသော်
လည်း ယခုစာရင်း တော်မှာအိမ်ကွဲမရေး မသား ကြစေနှင့်၊ မိဘသား မြေး
မြစ်မှန်သမျှကိုတအိမ်တည်း သာ ပေါင်း စည်း စုရုံး ၍စာရင်း တော်ဆက်သွင်း ရေး
သား ကြစေ၊ ကျွား ကြီး မကြီး ကျွား ငယ်မငယ်ကိုသာမှန် အောင် ကောက်နှုတ် ရေး
သား စေ။

10 April 1568

သက္ကရာဇ် ၉၃၀ပြည့်ကဆုန်လပြည့် နေ့ ဒေါ်ဗညား တွင်ပြန်။
(သူရိယ၊ မတ် ၁၉၃၃၊ စါ၆၀၊ ရှေး ဟောင်း စါပေသုတေသီ)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောအသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား
အမိန့်တော်ရှိသည်၊ ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်
ထီး နန်း ကနက်စိုက် ဆောက်တည် ထောင်စိုး အုပ် တော်မူသည့် သာသနာပြုကေ
ရာဇ်မင်း မြတ်အဆက်(ဆက်)အမှုထမ်း အရာထမ်း (ဆင်)သည်မြင်း သည် ခြေ
သည်သူရဲတို့ကိုသား တော်အစဉ် မြေး တော်အဆက်အမွန့်ရှည်စွာသာသနာ ရေး
နှင့်တကွမ ထွေး မရှက်ဥ ဒါန်း မော်ကွန်း အစဉ်ထွန်း အောင် သွေး သောက်စု၊
မြင်း စု၊ ဒိုင်း၊လမိုင်း၊ဝင်း၊ကိုယ်ရံ၊ကောင်း ဟန် သေနတ်စု၊ ရှေ့ဝန်း ကျင်
သေနတ်၊ နောက်ဝန်း ကျင် သေနတ်၊ မြေနန်း သေနတ်မှစ၍အသီး အသီး အစု
(အ) ငန်းသွဲ့ တော်မူသည်၊ ညီ တော်ဘုရင်လက်ထက် တော်လည်း ရွှေ လှော်၊ရွှေလှံ၊လက်
ဝဲ ကြောင်း၊လက်ယာ ကြောင်း၊ရွှေ ကြောင်း၊နတ်စုသွဲ့ တော်မူသည်၊ ငါ့လက်ထက်
တော်တွင်လည်း ၄၀၊ ၅၀၊ စား တော်ထမ်း ရေကိုင်၊သွေး သောက်စု၊မြင်း စု
တိုး ပွါး သွဲ့ဘက် တော်မူ၍ ရှိပြီး အထွတ်အထိတ်စိုး အုပ် တော်မူသည်မှစ၍သာသနာ
တော်စီး ပွါး ကိုယ် တော်စီး ပွါး သား တော်အစဉ် မြေး တော်အဆက်စီး ပွါး ပြည်
သူလူအ ပေါင်း တို့စီး ပွါး များ မည်အ ကြောင်း ကို နေ့ည မပြတ်အား ထုတ် တော်မူ
သည်၊ ထီး နန်း ကနက်စိုက် ဆောက်တည် ထောင်စိုး အုပ် တော်မူသည့်ကေရာဇ်မင်း
မြတ်တို့လက်ထက်စုသွဲ့ငန်း သွဲ့ဆိုသည့်အရာသည်တိုင်း နိုင်ငံအ ချေအမြစ်ဖြစ်၍အစဉ်
ရှည်စွာထင်ရှား တည်ထွန်း မည်ဖြစ်သည်၊ တိုင်း ရေး ပြည်မှုငြိမ်ဝပ်မှသာသာ
သနာ တော်စည်ပင်ပွင့်လင်း မည်ဖြစ်သည်၊ တိုင်း မှုပြည်မှုရှိလျှင်အလွယ်တကူတစု
တရုံး တည်း ကောက်ကာငင်ကာရ၍တိုင်း ရေး ပြည်မှုငြိမ်ဝပ် အောင်သစ္စာ တော်
ပေး မြဲ ပေး ၍ မြောက်ဘက်တိုက်၊ ဆင် ကျေတိုက်၊ ထွင်း သင်း တိုက်၊ မဟာဒါန်တိုက်၊
၅ စို့တိုက်၊ မြောက်ဘက်မြင်း ၊ ရတနာသိခ်မြို့၊ ငရနဲမြို့၊ စည်ပုဏ္ဏရာမြို့၊ သပွတ်
တောဖရွာ၊ ရွှေကာရွာစု၊ ကျေးရွာ နေအသည်တိုင်ထမ်း လူတို့ကိုနတ်ရှင်မြင်း ၊
ဂဲ ဘော်မြင်း ၊ ရွှေပြည်မြင်း ၊ နန်း ဦး မြင်း ၊ နန်း တွင်း မြင်း ၊ ရွှေပြည်
ကြီး မြင်း ၊ ရွှေပြည် တော်မြင်း များ နှင့် ရည်တူသစ္စာ တော် ပေး မြဲ ပေး ၍ သေ
နတ် သွေး သောက်စုသွဲ့ဘက်တော်မူရာပါဝင်သည့်လူတို့ကိုစု ရေး စုကိုင်မြို့ရွာသူကြီး
များ ကမင်း မှုမင်း ခင်း မခန့်မထား စေနှင့်၊ ကြွေး တောင်း မြီ တောင်း

မတောင်း မထုတ်စေနှင့်၊ သား မြေး တို့အရွယ်ရောက်လျှင်လည်း သေနတ်စု
မှာထမ်း ရွက်စေ၊ သွေး သောက်ကြီး တို့မှာ ဓါး သံပတ်ငါး တွင် ငွေကွပ်၊ ဝတ်
လုံသတ္တုလပ်ဖဲကွပ်၊ မောက်တို၊ အုံး နီ၊ ယပ်နီ၊ မောက်ရှူ၊ ပါး ကာပါလည်ကွေး
ဖဲသင်ချောဖဲကွပ်၊ မျဉ်း တိုဖဲသင်ချောဖဲကွပ်၊ မျဉ်း ရှည်ဖဲသင်ချောဖဲကွပ်၊
မြင်း ကကိုင်း ညောင်ရွက်ဥပွင့်ငွေဇဝါ၊ မြင်း ကြိုး သတ္တုလပ်အစိမ်း အနီတန့်
ဖဲကွပ်၊ စီး နှီး သတ္တုလပ်အစိမ်း အနီတန့်ဖဲကွပ်၊ ကတောင်အနီသုတ်၊ အကြပ်တို့
မှာဓါး ရိုး ရှည်ရင်း ဖျား ငွေကွပ်၊ မောက်တို၊ အုံး နက်၊ ယပ်နီ၊ မောက်
ရှူ၊ ပါး ကာနား ကာပါလည်ကွေး ဖဲသင်ချောဖဲကွပ်၊ မျဉ်း တိုဖဲသင်ချောဖဲကွပ်၊
မျဉ်း ရှည်ဖဲသင်ချောဖဲပြာဖဲကွပ်၊ သေနတ်စွဲကိုင်သူငယ်သား တို့မှာ မောက်
တိုအုံး နက်ယပ်နီ၊ မောက်ရှူ၊ ပါး ကာနား ကာ၊ ပါလည်ကွေး ၊ ဖဲသင်ချောဖဲ
ကွပ်၊ မျဉ်း တိုဖဲသင်ချောဖဲကွပ်၊ မျဉ်း ရှည့်ဖဲသင်ချောဖဲပြာဖဲကွပ်၊ သေနတ်
နီပါး ထည်အိတ်သွတ်စီး နင်း ဆောင်ရွက်ဝတ်ဆင်စေ။

1 March 1569

သက္ကရာဇ် ၉၃ဝပြည့်တပေါင်း လပြည့်နေ့ဒေါဗညား တွင်ပြန်။

(သုရိယ၊ ဇွန်၁၉၃၃၊ စါ၅၃-၄၊ ရှေး ဟောင်း စါပေသုတေသီ)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောဆင်ဖြူများသခင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်၊ နိုင်ငံတော်ဖြစ်သောဇင်းမယ်ကျေးစပ်သီဘောကျေးစပ်တွင် သဉ်ဝိပြည်ကြီးနှင့်ခန္တီပြည်ကြီးတို့သည်ကန်သင်းများပြုလုပ်၍နယ်ပယ်တိုင်းခွဲထားသည်ကိုသိပေါ်စော်ဘွား စေ၍ရွှေဘဝါးတော်အောက်ရောက်လာလေသည်။ ဟံသာဝတီဗိုလ်မှူး ဗညား ဒလတိုက်ဆင်၃၀၊ မြင်း ၃၀၀၊ လူ၁၀၀၀၊ ဗညား စက်ကိုဆင်၃၀၊ မြင်း ၃၀၀၊ (လူ)၁၀၀၀။ ပြည်မြို့စားဆင်၂၀၊ မြင်း ၃၀၀၊ လူ၁၀၀၀၊ ဘနန်းစားဆင်၂၀၊ မြင်း ၃၀၀၊ လူ၁၀၀၀နှင့်ချီ။

20 February 1570

သက္ကရာဇ်၉၃၁ခုတပေါင်းလပြည့်ကျော်၂ရက်နေ့နေမိန္ဒရဋ္ဌင်ပြန်။

(<u>သူရိယ</u>၊ ဇွန်၁၉၃၃၊ စါ၅၁၊ ရှေးဟောင်းစါပေသုတေသီ)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဆင်ဖြူသခင်အသျှင်ဘဝရှင်မင်းတရား
ကြီးဘုရား အမိန့်တော်ရှိသည်။ ရွှေမျက်ပါး လုပ်သူတို့အမှုမှာ လက်ထက်တော်ရွှေး
၁၆၀ ကျပ်လေးနှင့် ရွှေကိုချိန်၍ ရွှေထွက်သိရအောင် ခပ်လုပ်စေလျှင် ရွှေတချပ်
လျှင် ၈ ဆိုင်း ခွဲ၍ ၉ ဆိုင်းသာ ပုံတော်ရွှေထွက်နိုင်သည် လျှောက်ထားသောကြောင့်
ပုံတော်မင်းဆိုင်း ၈ ဆိုင်းနှင့်အပြား ၅၀ သွင်းလုပ်စေသည်။ မှူးမတ်ဆင်း ရဲသားတို့
မှာလည်း ၈ ဆိုင်းပုံ ၁၂ ဆိုင်းပုံ ကြေးပုံနှင့် စံထား၍ လုပ်ဆောင်စေသည်ကိုအ
ရပ်ရပ်အလုပ်သည်တို့ကဲ့သို့ ဖြောင့်မတ်အောင် မလုပ်မဆောင် ပုံတော်စံတော်ကို
လျော့ပေါ့လုပ်ဆောင်သည့် ၈ ၇ ၆ ရည် ၄ ရည် ခေါ်ဝေါ် ရောင်းဝယ်ကြသည့်
အရာများမှာလည်း ၂ ရည်ကို ၃ ရည် ၄ ရည်ပြု၍ ရောင်းဝယ်သည်။ ၆ ရည်ကို ၈ ရည်
ပြု၍ ရောင်းဝယ်သည်များကို ရွှေနားတော်မြတ်ကြားတော်မူရသောကြောင့်
ရွှေး ၁၂၀ လျှင်တကျပ် ဂဏန်းကျမ်းထွက်လေးနှင့် ရွှေး ၁၆၀ လျှင်တကျပ်ယခုသုံး
ဆောင်သည့်အလေးကိုတိုက်လျှင် ယခုသုံးဆောင်သည့်အလေးကိုမမှီ ဂဏန်းကျမ်း
ထွက်အလေးဖြူးသာရှိသည်။ ဖြူးကျပ်လေးနှင့် ရွှေကိုချိန်၍ ခပ်စေလျှင် မင်းဆိုင်း
ပုံတော် ၇ ဆိုင်းနှင့် ၁၃ ပြား ခွဲရသည်။ ယခုအလေးနှင့် ခပ်စေလျှင် ပုံတော် ၁၁
ဆိုင်းနှင့် ၈၉ ပြား ရသည်။ မျက်ပါး ရွှေခပ်လူတို့သည် ငါအသျှင်ဧကရာဇ်မင်းမြတ်
ကပေး အပ်လုပ်ဆောင်စေသည့် ရွှေတော်ဖြစ်သည် မစွဲမယူ ဖြောင့်မှန်အောင်
ရွှေထွက်တိုင်း ခပ်လုပ်ဆက်သွင်း ရမည်ဖြစ်လျက် မှန်ကန်အောင် မလျှောက်မထား
မဆက်မသွင်း ပြက်ကယ် လျှောက်ထား ခိုးစားကြသည်။ ၈ ဆိုင်းပုံကိုလည်း ဂဏန်း
ကျမ်းထွက်အလေးနှင့် ခပ်စေလျှင် ၁၁ ဆိုင်းနှင့် ၄၇ ပြား ရသည်။ ယခုသုံးဆောင်
ကြသည့်အလေးနှင့် ခပ်စေလျှင် ၉ ဆိုင်းနှင့် ၁၃ ပြားကသာ၍ ထွက်သည်။ ၁၂ ဆိုင်းပုံ
ငယ်မှာလည်း ဂဏန်းကျမ်းထွက်အလေးနှင့် ခပ်စေလျှင် ၁၇ ဆိုင်းနှင့် ၂၄ ပြား
ရသည်။ ယခုသုံးကြသည့်အလေးနှင့် ခပ်စေလျှင် ၂၈ ဆိုင်းနှင့် ၇၃ ပြား ရသည်။
ကျောင်းဘုရား ရွှေချ၍ ၈ ဆိုင်း [illegible]ခပ်ပါ ရွှေခပ်လူတို့ကို ရွှေရှင်ကအပ်လျှင် ၁၀
ဆိုင်း ၁၁ ဆိုင်းသာ ရွှေရှင်တို့ပေး၍ ခပ်လုပ်သူတို့မှာ ၈ ဆိုင်း ကျော်ယူသည်။ ၁၂
ဆိုင်းပုံမှာလည်း ဂဏန်းကျမ်းအလေးနှင့် ခပ်စေလျှင် ၁၇ ဆိုင်းနှင့် ၂၄ ပြား
ရသည်။ ယခုသုံးကြသည့်အလေးနှင့် ခပ်စေလျှင် ၂၈ ဆိုင်းနှင့် ၇၃ ပြား ရသည်။

ရွှေရှင်တို့က ရွှေချလို၍ ၁၂ဆိုင်း ပုံ ရွှေခပ်လူတို့ကိုအပ်လျှင် ၁၃ဆိုင်း ၁၄ဆိုင်း သာ
ရွှေရှင်တို့ကို ပေး၍ကျန် ၁၄ဆိုင်း ကျော်ကို ခပ်လူတို့ယူသည်၊ ၈ဆိုင်း ပုံတွင် ခပ်လုပ်
သူတို့ယူစု ရွှေ ၈ဆိုင်း ကိုအဘိုး နှင့်တွက်လျှင် ၄ရည် ရွှေတဆိုင်း လျှင်အဘိုး ငွေ ဒိ၂
ရောင်း ဝယ်ကြသည်၊ ၈ဆိုင်း အဘိုး ငွေ ၁၅ိကျသည်၊ ၁၂ဆိုင်း ပုံမှာလည်း ခပ်
လူတို့ယူစု ၁၄ဆိုင်း ရွှေကိုအဘိုး နှင့်တွက်လျှင် ၄ရည် ရွှေတဆိုင်း လျှင် ငွေ ရွက်နီ ဒိဝံ
ရောင်း ဝယ်ကြသည်၊ ၁၄ဆိုင်း ရွှေအဘိုး သင့် ငွေ ၁ရိ၂ံကျသည်၊ ပန်း တိမ်လုပ်
သူတို့မှာ တန်ဆာ မီး သွေး စိုက်ထုတ်၍ ငွေ ဒိကိုအ ပြောက်ထုလုပ်ရလျှင်လက်ခ ငွေ နိုင်း
ခြင်း သာ စား ရသည်၊ ရွှေ ဒိကိုအ ပြောက်ထုလုပ်ရလျှင်အ ပြောက်အနုအကြမ်း ကိုထိုး
၍တ လေး ခွဲ နှစ် လေး သာ စား ယူကြရသည်ဖြစ်သည်၊ ရွှေ မျက်ပါး လုပ်လူတို့မှာလည်း
ရွှေ ပန်း တိမ်အ ပြောက်လုပ်လူတို့နည်း သာ စား ယူကြ ကောင်း လျက်အပိုအလျှံအင်မ
တန် အောင်ချန်ထား စား ယူကြသည်၊ ပုံ တော်ကိုလည်း ပြည့်မှီ အောင်မလုပ် လျှော့
ပေါ့လုပ် ဆောင်ခိုး စား ကြသည်၊ ၂ရည်ကို ၃ရည်၊ ၃ရည်ကို ၄ရည်၊ ၄ရည်ကို ၆ရည်၊
၆ရည်ကို ၈ရည်လှည့်ဖြား ပြောဆို၍ ရောင်း ဝယ်ခိုး စား ကြသည်၊ ပစ္စုပန်သံသရာ
ဘေး ကိုမ ထောက်မ ကြောက်လူဆိုး လူသွမ်း များ ဖြစ်သည်၊ သင်တို့ကဲ့သို့အရပ်ရပ်အ
လုပ်သည်အ ဆောင်သည်တို့တုပကျင့်ကြလျှင်တိုင်း ရေး ပြည် ရေး သာသနာ တော် ရေး
ထွန်း ပပွင့်လင်း နိုင် တော်မူမည်မဟုတ်၊ သင်တို့ ရွှေ မျက်ပါး လုပ်လူတစုကိုအသက်စည်း
စိမ်ရှုံး ဆုံး အောင်စီရင်သင့်ပြီ၊ လူ၏အဖြစ်ရခဲခြင်း တရား ရှိသည်ကို ထောက် တော်
မူ၍သည်တကြိမ်သင်း တို့အသက်စည်း စိမ်ကိုချမ်း သာ ပေး တော်မူသည်၊ အကျည်း က
နှုတ်၍ မောင်း ကျော်ပြီး လျှင်ရိုက်၍လွှတ်၊ နောက်ကိုမူကား ရွှေ တော် ပေး အပ်
ခပ်လုပ် စေလျှင်ချွင်း ချန်၍ မစား မယူကြ စေနှင့်၊ ကျိုး စား အား ထုတ်ပုံ တော်
စံ တော်မှီ အောင်ခပ်လုပ်၍အတွင်း တော်မှာ ခပ်လုပ်သည်ကာလ ၁၂ဆိုင်း ရွှေထွက်
အတိုင်း စံကိုင်ကစစ် ကြောသိမ်း ရုံး ၍ဆက်သွင်း စေ၊ ၈ဆိုင်း ပုံ ၁၂ဆိုင်း ပုံမှာ
လည်း ရွှေ ဒိ ရွှေရှင်ကအပ်၍ ခပ်လုပ်ကြရလျှင်တူ ပေတန်ဆါခတ်ခလုပ်ခ စရိတ်ကို ထောက်
၍ ရွှေလုပ်ပန်း တိမ်လက်ခတန်ဘိုး ၄ိသာ စား ယူ စေ၊ ငွေကိုမယူလျှင်လည်း ငွေ ၄ိ
အဘိုး သင့် ရွှေဆိုင်း ကိုသာတွက်ချက်၍ စား ယူကြ စေ၊ ရွှေခဲအတွက် ရွှေဆိုင်း မှာ မ
ချွင်း မချန် စေနှင့်၊ ၈ဆိုင်း ပုံကို ၁[illegible]ဆိုင်းနှင့် ၁၃ပြား ၁၂[illegible]ိုင်း ပုံကြီး ၈ဆိုင်း

နှင့်ရ၃ပြား ပေး စေ၊ စံကိုင်ငဖြူမှာ ကျေး ဇူး သစ္စာ တော်မြတ်ဝမ်း တွင်ရှိ သည့်အတိုင်း ရွှေလုပ်သူငယ်သား တို့ကို ဖြောင့်မတ်မှန်ကန် အောင်မစစ်မကြော မစီမရင်ငယ်သား နှင့်အတူတူကျင့်သူဖြစ်သည်၊ စံကိုင်အရာကနှုတ်၊ ဝဏ္ဏသူရကို သစ္စာ တော် ပေး၍ စံကိုင်ခန့်၊ ရွှေခပ်အပ်လုပ် စေလျှင်လည်း စံကိုင်မှာ စံချ၍ ခပ်လုပ် စေ၊ ရွှေလုပ်လူမှန်သမျှကိုလည်း စံ တော်ပုံ တော် ရွှေရည် ရွှေ သွေး မ ပေါ့ မ လျော့ မခိုး မယူ မလျှပ်မ ပေါက် စေရ၊ တော်တည့်မှန်ကန် ဖြောင့်မတ် အောင်စံ ကိုင်ကစစ်ကြောစီရင် စေ၊ ပုံ တော်စံ တော် ရွှေရည် ရွှေ သွေး ကို လျော့ ပေါ့ရောင်း ဝယ် ကြောင်း ကို တွေ့မိလျှင် တွေ့မိသူကိုစံကိုင်ကရုံး တော်သို့ပို့အပ် စေ၍ နောင်မဝံ့ အောင်စီရင်။

(25) July 157(0)

သက္ကရာဇ် ၉၃(၂) ခုဝါခေါင်လ (ပြည့်ကျော် ၉ရက် နေ့) ဒေါ်ဗညားတွင်ပြန်၊ (သုရိယ၊ အတွဲ ၁၇၊ အမှတ် ၂၊ ဧပြီ ၁၉၃၃၊ စါ ၆၁-၂၊ ရှေး ဟောင်း စာပေ သုတေသီ)

ဘုန်းတော်အလွှန်ကြီး မြတ်တော်မူလှသော ဆင်ဖြူများ သခင်အသျှင်ဘဝရှင်မင်း
တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ နိုင်ငံတော်ဇင်းမယ်ကျေး နှင့်သီဘော
ကျေး ကိုခန္တီပြည်နှင့်သၣ်ဝီပြည်တို့ကထိပါး လာပြန်ကြသည်ဟု ရွှေနားတော်ကြား
တော်မူပြန်လေသည်၊ ဗညား ဒလနှင့်ဗညား စက်တို့တောင် တပ်နှင့်ချီ၊ စစ်
ကိုင်းစား သရေစည်သူနှင့်ဇဒုံစား တို့ကိုလည်း ဆင်၃၀၊ မြင်း ၃၀၀၊ လူ၁၀၀၀
စီပေး၍အပြင်း ချီတက်လုပ်ကြံကြစေ။

6 October 1570

သက္ကရာဇ် ၉၃၂ ခုတန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ နေမိန္ဒရ
ထွင်ပြန်။

( သူရိယမဂ္ဂဇင်း ဇွန်၁၉၃၃၊ မျက်၅၅ ၊ ရှေး ဟောင်း စါပေသုတေသီ )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူများ ရှင်လက်နက်စကြာသခင်
အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်။ ရဲခေါင်စတ္တကျော်
ကိုမြင်းတပ်မှူး၊ သူရိန်စတ္တကျော်၊ ပျံချီစန္ဒကျော်တို့ကိုစစ်ကဲ၊ တမန်စန္ဒကိုတပ်
ရေး၊ တပ်ပါမြင်းစီး ၃၂၊ လှံကိုင် ၈၈၊ ၂စု ၁၂၀ နှင့်တတပ်၊ ရဲခေါင်ပေါ
စကိုမြင်းတပ်မှူး၊ သူရိန်ပျံချီကိုစစ်ကဲ၊ ငမြတ်သာကိုတပ်ရေး၊ တပ်ပါမြင်းစီး
၃၅၊ လှံကိုင် ၈၀၊ ၂စု ၁၁၅ နှင့်တတပ်၊ မဏိရဲခေါင်ကိုမြင်းတပ်မှူး၊ ငတံလံကို
တပ်ရေး၊ တပ်မြင်းစီး ၁၉၊ လှံကိုင် ၄၆၊ ၂စု ၆၅ နှင့်တတပ်၊ နတ်ကျော်သူကို
တပ်မှူး၊ စတ္တရန်နိုင်၊ စက်စိန်ပြောင်တို့ကိုစစ်ကဲ၊ ရဲလှနရာ၊ ငတက်တို့ကိုနား
ခံ၊ ငရွှေပြည်၊ ငအိုးလည်တို့ကိုတပ်ရေး၊ တပ်ပါသေနတ်ကိုင် ၄၃၃၊ လှံကိုင် ၆၇၊
၂စု ၅၀၀ နှင့်တတပ်၊ ရဲခေါင်နရာကျော်ထင်ကိုတပ်မှူး၊ သူရရဲခေါင်ကျော်ထင်၊
ရဲတင်သီဟတို့ကိုစစ်ကဲ၊ ရဲကျော်သူရိန်၊ သူရိန်ရဲနေတို့ကိုနားခံ၊ ဗလရဲခေါင်ကျော်
ထင်၊ ငသာဖြူတို့ကိုတပ်ရေး၊ တပ်ပါမြင်းစီး ၄၀၊ သေနတ်ကိုင် ၂၀၀၊ လှံကိုင်
၁၆၀၊ ၃စု ၄၀၀ နှင့်တတပ်၊ ရွှေတောင်လက်ဝဲကျော်ကိုတပ်မှူး၊ ငမြတ်သူ၊ င
လွန်းပြေတို့ကိုစစ်ကဲ၊ ငငြိမ်း၊ ဒေဝသီဟတို့ကိုနားခံ၊ တုရင်ပျံချီ၊ ငကြီးတို့ကို
တပ်ရေး၊ တပ်ပါသေနတ်ကိုင် ၂၅၀၊ လှံကိုင် ၂၅၀၊ ၂စု ၅၀၀ နှင့်တတပ်၊ သီရိစည်
သူကျော်ခေါင်ကိုတပ်မှူး၊ သီရိရွှေတောင်၊ ငသာပန်းတို့ကိုစစ်ကဲ၊ ငသာပန်း
အောင်၊ ငဖြူတို့ကိုနားခံ၊ ငစိန်သို၊ ငလုံးတို့ကိုတပ်ရေး၊ တပ်ပါမြင်းစီး ၆၀၊
သေနတ်ကိုင် ၂၀၀၊ လှံကိုင် ၂၄၀၊ ၃စုလူ ၅၀၀ နှင့်တတပ်၊ သီရိဝေသူကိုတပ်မှူး၊
အာကာရွှေတောင်၊ ငကြွင်းတို့ကိုစစ်ကဲ၊ ဗလပျံချီ၊ ငသာထွယ်တို့ကိုနားခံ၊ ပွဲ
လုံအောင်၊ ငအိုးလည်တို့ကိုတပ်ရေး၊ တပ်ပါမြင်းစီး ၄၀၊ သေနတ်ကိုင် ၂၀၀၊
လှံကိုင် ၂၆၀၊ ၃စု ၅၀၀ နှင့်တဟပ်၊ ငမှုံကိုတပ်မှူး ဗလသူ၊ နရာသူဝတို့ကိုစစ်ကဲ၊
ငမြတ်စိန်၊ ငသာဖြူတို့ကိုနားခံ၊ ငရန်ကင်း၊ ငညိုတို့ကိုတပ်ရေး၊ ငအောင်
ကျော်ကိုမြင်းတပ်မှူး၊ ငခွေးကိုတပ်ရေး၊ တပ်ပါမြင်းစီး (၄၀)၊ သေနတ်
ကိုင် ၁၄၀၊ လှံကိုင် ၁၉၇၊ ၃စု ၃၇၇ နှင့်တတပ်၊ သူရနော်ရထာကိုတပ်မှူး၊ လက်
ဝဲရဲကျော်၊ လက်ျာပျံချီကျော်စွာတို့ကိုစစ်ကဲ၊ ပျံချီရဲခေါင်ကျော်၊ နန္ဒမိတ်စည်သူ
ကျော်တို့ကိုနားခံ၊ ငရွှေ၊ သီရိဇေယျ၊ ငကျော်ယင်တို့ကိုတပ်ရေး၊ တပ်ပါသေ

နတ်ကိုင် ၁၅၀၊ လှံကိုင် ၂၄၇၊ ၂စု ၃၉၇ နှင့်တတပ်၊ သီရိရာဇာသင်္ကြန်ကိုတပ်မှူး၊
တုရင်သာရကျော်၊ ရန်ခွင်သီရိတို့ကိုစစ်ကဲ၊ ငမြတ်ကောင်း၊ ငအောင်တို့ကိုနား
ခံ၊ ငမြတ်၊ ငထွေး တို့ကိုတပ်ရေး၊ တပ်ပါသေနတ်ကိုင် ၁၃၀၊ လှံကိုင် (၂၅) ၇၊
၂စု (၃၈) ၇ နှင့်တတပ်၊ မဟာမင်း ခေါင်ကိုဗိုလ်မှူး၊ နေမိန္ဒရကျော်ထင်၊
စန္ဒစက္ကသူတို့ကိုဗိုလ်စစ်ကဲ၊ ပုံချီဇေယျကျော်ခွာ၊ ရဲလှပုံချီတို့ကိုဗိုလ်တပ်နားခံ၊
ရဲလှကျော်ခေါင်၊ ငချစ်ပု တို့ကိုဗိုလ်တပ်ရေး၊ တပ်ပါမြင်း စီး ၈၃၊ သေနတ်
ကိုင် ၂၀၀၊ လှံကိုင် ၂၁၇၊ ၃စု ၅၀၀ နှင့်တတပ်၊ အစုစုမြင်း ၃တပ်ပါတပ်ပေါင်း
၁၂တပ်၊ မြင်း စီး ၃၄၉၊ သေနတ်ကိုင် ၁၉၀၃၊ လှံကိုင် ၂၁၀၉၊ ၃စု ၄၃၆၁၊
တပ်ဆောင်စိန် ပြောင်း ၆၁၊ မီး သေနတ် ၁၉၀၃၊ စိန်ပြောင်းဆေး ချိန် ၄၀၊
သေနတ်ဆေး ချိန် ၁၉၀၃၊ စိန်ပြောင်းကျည် စေ့ ၈၀၀၊ သေနတ်ကျည်ခဲချိန် ၃၉၀၃
မီး ကျောက်ပြား ၇၉၅၀၅၊ တပ်ကရိယာအင်္ဂါအစုံ ပေး အပ်ပြီး လျှင်ဗိုလ်မှူး ခန့်
ထား၍ချီသွား စေကြောင်း (ဖြစ်)သည်၊ နိုင်ငံ တော်ကျိုင်းသင်မြို့သို့လင်း ဇင်း
ရှမ်း ရွာကို နှောက်ရှက်လာ ရောက်သည်တွင်ကျိုင်းသင်မြို့ဝန်စစ်ကဲနား ခံအရာရှိ
တို့တပ်မှူး မြို့စား သည် ပေါ်မိုင်တစု ကျေး ဇူး သစ္စာ တော်မြတ်ကို စောင့်၍သစ္စာဘ
ညီတည့်တက်ကြွကြသည်ကို မတိုး မတက်နိုင်ရှိသည်နှင့် ရိက္ခာပြတ်၍ မိုး လ ရောက်သည်ကာလ
ဗိုလ်အများ ချီတက်ဝန်း ရံလုပ်ကြံလျှင် မဆုတ်မခွါသာအရေး ခဲခက်မည်များ ကိုခန့်
ငြား ကြောက်ရွံ့ခြင်း ရှိသော ကြောင့်လင်း ဇင်း ရှမ်း ရွာသူပုန်တို့သည်ကရင်အ
ရိုင်း တို့နှင့်တ ပေါင်း တည်း ပြု၍ကျိုင်းသင် ရောက်သူပုန်တို့အရေး မနှောင့်မနှေး
အောင်မိုး ဖြိုမြို့သို့ကရင်နီအရိုင်း တို့အရိပ်အရောင်ပြသလာ ရောက်သည်ကိုတ
ယောက်မကျန်နှိမ်နင်း ရှင်း လင်း စေမည်ခန့်ထား တော်မူ၍ ချီသွား စေ
ကြောင်း ဖြစ်သည်၊ မရပ်မဆိုင်း အလျင်အမြန် ၂စခန်း ၃စခန်း ကိုတစခန်း ပြု
၍ချီသွား လေ၊ လမ်း ခရီး သင့်မည့်မြို့ရွာများ သို့ရောက်လျှင်အရှင်မပေး သည့်
ဥစ္စာသစ်သီး တလုံး ဟင်း ရွက်တချပ် ကိုမျှမဆွတ်ခူး မလုမယူ စေနှင့်၊ တပ်တော်
စခန်း ချရပ်တိုင်း လည်း ရတနာသုံး ပါး သာသနာ တော် စောင့်သမ္မာ ဒေဝ
နတ်၊ တော စောင့်နတ်၊ တောင် စောင့်နတ်၊ ရုက္ခစိုး ၊ ဘုမ္မစိုး နတ်မြတ်တို့အား
ထမင်း မုံ့ယိုအချိုအချဉ်အဆိမ့်ကွမ်း ဆေး လဘက်အုန်း ကြက်ငှက် ပျောတို့ဖြင့်တင်လှူ

ပသပူ ဇော်ပြီး လျှင်သာသနာ တော်အညစ်အကြေး ရန်အလှေး ဖြင့်ကရင်နီအ
ရိုင်း သူပုန်တို့ကိုတ ယောက်မကျန်အကုန်အစင်အလျှင်ရ၍အရေး တော်ပြီး ပြေ
လွယ်မည့်အကြောင်း ဆုတောင်း ပတ္တနာပြုရမည်၊ မိုး ဗြဲမြို့အနီး အပါး မြို့ပြ ကျေး
ရွာများ သို့ ရောက်လျှင်အထက်ခန့်ထား ချီစေသည့် နေမျိုး ဂုံ ခေါင်နှင့်စုကြီး သေ
နတ် ၅၀၀၊ နေမျိုး ရန်နိုင်နှင့်လက်နက်ကိုင် ၂၀၀၀၊ မိုး နဲ စစ်ကဲနတ် ကျော်ဗလ
နှင့်လက်နက်ကိုင် ၇၀၀၊ စကာစား နှင့် ၁၇၀၀၊ မိုင်း စိတ်စား နှင့် ၁၀၀၀၊
ကျီဝန်စာရေး ငွေခွန်စာရေး တို့ကိုဆိုင်ရာကျီဝန်စု ငွေခွန်ဝန်ဝန်စု ကျေး ရွါ
များ ကသိမ်း ဂုံး ပေး အပ် စေသည့်လက်နက်ကိုင် ၆၀၀၀၊ မဟာမင်း ခေါင်တပ်
တွင်ပါသည့်လက်နက်ကိုင် ၄၃၆၁၊ အစုစုမြင်း သေနတ်လက်နက်ကိုင် ၁၆၀၀၀ ကျော်
နှင့် မိုး ဗြဲမြို့အနီး အပါး စော်ဘွား မြို့စား တို့ဘွား စား နက် ကျေး ရွာကသိမ်း
ဂုံး ရသည့်လက်နက်ကိုင်တို့ကိုချုပ်အုပ်၍ မျိုး ရိက္ခာ ရေများ ကိုမလစ်လပ် စေရ၊ မိုး
ဗြဲမြို့အတွင်း ရှိအမှုထမ်း သူရဲသူခက်တို့စား ရန်မိုင်ခုံကျီ တော်ရှိစပါး ကိုတပ် တောင်
တာနှင့်သယ်ယူပို့သွင်း ထား သည်၊ အရပ်အနေလမ်း စခမ်း တွင်တပ်တည်ရပ်၍
ထောက်ကူပို့သွင်း တန်သည့်အရေး ကိုချင့်၍ ခန့်ထား စီရင်၊ ကျီဝန်ဝန်စု၊ ငွေခွန်
ဝန်ဝန်စု၊ စော်ဘွား မြို့စား တို့ဘွား နက် ကျေး ရွာကလက်နက်ကိုင်များ မှာ မျိုး
ရိက္ခာကိုလက်နက်ကိုင် ပေး စုမြို့ရွာကလုံ လောက် အောင် ပေး ကမ်း စေ၊ ရွှေဘဝါး
တော် အောက်ကချီတက်သည့်တပ် တော်များ ကိုမိုင်း ခုံကျီ တော်ရှိစပါး ကိုပေး ဝေ
ယူစား စေ၊ ကရင်အရိုင်း သူပုန်တို့ကိုနှိပ်နင်း ရှင်း လင်း ရမည်မှာအမှုတော်
ကိုတညီတညွတ်အသက်ကိုအသက် မမှတ်တစိတ်တဝမ်း တည်း ကျေး ဇူး တော်မြတ်ကိုဆက်ဆက်
ထမ်း ရွက်ရမည့်အကြောင်း နှင့်တပ်ပါအရာရှိအမှုထမ်း တို့ကိုပြသစဉ်ကြပ်၍ အလုံအ
ခြုံတပ် တောင်တာစွဲရပ်လုပ်ကြသင့်သည်၊ လျင်လျင်မြန်မြန် ချွံ ချွံ့ ရက်ရက်လုပ်ကြသင့်သည်၊
နှိုင်း ယှဉ်တိုင်ပင်၍အမှုတော်ကိုကုန်တွင် အောင်မလစ်မလပ် စီးကြပ်၍ စီရင်၊ ငါ့
ရွှေဘုန်း တော်မြတ်ကြောင့်အရေး တော်ပြီး ပြေလျှင်လည်း ပြီး ပြေကြောင်း
သင့်ရာခန့်ထား ၍ ရှိခိုး သံ တော်ဦး တင်လာစေ၊ တပ်ပါတပ်မှူး စစ်ကဲနား ခံ
အကွပ်အကြပ် သွေး သောက်ကြီး မြင်း ခေါင်း မြင်း စီး တို့အမှုတော်ကြိုး ကြိုး ပမ်း
ပမ်း မထမ်း မရွက်ဆုတ်ရွံ့ သွေဖီ ရှောင်လွဲ သော်စစ်မျက်နှာကွက် သော်မည်သူမ

ဆိုသတ်တန်သူကိုသတ်၊ ဖြတ်တန်သူကိုဖြတ်၍ အမှုတော်ကို စိတ်ပါကိုယ် ရောက်ပွဲရလမ်း ရစွန့်စား ထမ်း ရွက်သူတို့ကိုလည်း ထမ်း ရည်ရွက်ရည်အမည်အမှတ်နှင့်ရှိခိုး သံတော်ဦး တင်၊ ငါအမိန့်တော်မှတ်သား ပေး အပ်သည့်အတိုင်း အမှုတော်မကုန်မတွင် နေ့ရက်ရှည်ကြာရလျှင်ဗိုလ်မှူး တပ်မှူး စစ်ကဲနား ခံတပ်ရေး မြင်း ခေါင်း မြင်းစီး တို့ ၂ ခွန်း ချေရမည်မမှတ်နှင့်၊ ကြီး စွာ သောအကျွပ် တော်ခံရမည်။

6 September 1573

သက္ကရာဇ် ၉၃၅ ခုသီတင်း ကျွတ်လဆန်း ၁၁ ရက် နေ့ရာ[illegible]ရာ[illegible]တွင်ပြန်။

(သူရိယ၊ စက်တင်ဘာ ၁၉၃၃၊ စါ ၃၄-၆)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူ သောဆင်ဖြူများ ရှင်လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ရွှေပြည်တော် စောင့်တောင်သမန်နတ်ငါသည် ရှေး ဘုရား အလောင်း မင်း ကောင်း မင်း မြတ်တို့ကဲ့သို့အပရိဟာနိယတရား ၇ပါး နှင့်အညီစံတော်မူသည်၊ ရွှေထီး ရွှေနန်း အနီး နေရာနတ်ကွန်း နတ်အိမ်နှင့်နှင်စဉ်မပြတ်နတ်ဝတ်နတ်စား အသုံး အ ဆောင်အထုံဆိမ်း ပန်း နံ့သာရသာ ဘောဇဉ်အစရှိသဖြင့်ချီး မြှင့်ပြုစုသတင်း ကြား တော်မူသည်၊ ရှေး ရှေး သောဧကရာဇ်မင်း မြတ်တို့ဝယ်ပြည်ရေး ရွာ မှုရန်ဆူး ရန်ညှောင့်ရှင်း လင်း သုတ်သင်ရေး မှစ၍ပြည်စောင့်နတ်တို့အစွမ်း အလျှောက် ဆောင်ရွက်ကူညီထမ်း ကုန်ကြသည်များ ကိုမမျှော်မထောက်ငါ့ကျေး ဇူး တော်ကိုသာခံစား ၍အမှုတော်ကိုကုန်တွင် အောင်မထမ်း သောကြောင့်သာသ နာတော်မြတ်၏အညစ်အကြေး ယိုး ဒယား ဗန်ကောက်စား ကောဝိလငယ်တို့ကို ဗိုလ်ခြေဆင်မြင်း အလုံး အရင်း များ နှင့်ချီတက်သိမ်း ယူစေသည်၊ အရေး တော် မပြီး ရှည်ကြာရသည်၊ တောင်သမန်နတ်ငါ့အမှုတော်ကိုကျိုး ပန်း ၍ကုန်တွင် အောင် ထမ်း စေ၊ ငါ့အမိန့်တော်အတိုင်း အမှုကိုကုန်တွင် အောင်မထမ်း လျှင်နတ်ရုပ်နတ် ကွန်း နှင့်တကွမီး ပုံ၍တိုက်မည်၊ တောင်သမန်နတ်၊ တောင်ပြုံး နတ်၊ တောင် မြင့် နတ်၊ ငတောင်ကျည်းနတ်၊ မဟာဂီရိနတ်၊ မင်း ညီနောင်နတ်ငါ့အမှုတော် ကိုပြီး စီး အောင်ထမ်း ရွက်စေ။

14 November 1573

(သက္ကရာဇ်) ၉၃၅ ခုနတ်တော်လပြည့်ကျော် ၆ ရက်ရာမရာဇာ တွင်ပြန်။

(<u>သုရိယ</u>၊ အတွဲ ၇၀၊ အမှတ် ၇၊ စက်တင်ဘာ ၁၉၃၃၊ စာ ၃၄)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောရတနာဆင်ဖြူများ သခင်ဘဝရှင် မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ပုဏ္ဏား ပညာရှိတို့ကသက္ကရာဇ် ဖြိုကိန်း ရောက်သည်၊ သက္ကရာဇ်ဖြိုမှတိုင်း ရေး ပြည် ရေး ကိုယ် တော် ရေး သင့် မည်၊ ယာယီသက်ကယ်နန်း စံသင့်သည်၊ မဟာဥကင် တော်ကြီး ဖွင့် တော်မူသင့်သည် ဟု လျှောက်တင်သည်ကို လောကဗျူဟာဆရာ တော်အား မေး လျှောက် တော်မူလိုသဖြင့် ဝန်တို့ကပင့် ဆောင်ရမည်၊ ပြာသာဒ် တော်သို့ ရောက် အောင်ပင့် ဆောင် ခဲ့စေ။

(4 February 1574)

(သက္ကရာဇ် ၉၃၅ ခုတ ပေါင်း လပြည့် နေ့ပြန်)

လောကဗျူဟာဆရာ တော်၏သွင်း စာ

လောကဗျူဟာဆရာ တော် မေတ္တာ မပြတ်ပို့အပ် သော မဟာဓမ္မရာဇ်ရာဇာ တရား မင်း မြတ်၊ ဘုရား သခင်၏သာသနာ တော်အ ရေအတွက်ဖြစ် သော ကောဇာသက္ကရာဇ်ကိုကိန်း ခန်း မ ရောက်ဘဲဖြိုမည့်မင်း ဧကရာဇ်သည်အလွန်ခက်ခဲလှ သည်၊ ပဌမကိန်း ကား အလမ္ဘိကာ ၁၃၃ဝကိုဖြိုရသည်၊ ဒုတိယကိန်း ကား ကာဝစန္ဒ ဂဖ၄၅ ခုကိုဖြိုရသည်၊ တတိယကိန်း ကား ၉ရ ဂ၅ ခုကိုဖြိုရသည်၊ ယင်း သို့သက္ကရာဇ် ကိုဖြိုကိန်း သည်ပဌမ ဒုတိယ တတိယဟူ၍ကိန်း သုံး ကိန်း သာရှိသည်၊ ဖြိုကိန်း မကြုံ သမျှကိုဖြို သော မင်း ဧကရာဇ်တို့သည်အကျိုး တော်ယုတ် လေရာသည်များ ကိုနှလုံး သွင်း တော်မူရာသည်၊ သတိပျက် သောသူတို့စကား ကိုလိုက်နာရာသည်မဟုတ်၊ သက္ကရာဇ်ဟူ သောဘုရား သခင်သာသနာ တော်ကို ခြေ ဖျက်မည်မကြံ ကောင်း မ ကြံရာကိုကြံ၍ ရေ မြေသျှင်ကို လျှောက် ဝံ့ကြသည်၊ ဤကဲ့သို့ရာသီသုဥ်း ၊ အသ်ာသုဥ်း ၊လိင်္ဂ သုဥ်း ၊ သေသသုဉ်း မြင်ကာမျှနှင့်ပြု သော်သာသနာ၏နှစ်လနာရီဗိဇနာတို့သည် မယိုယွင်း ခဲ့ပြီ လော၊ ယိုယွင်း သမျှလည်း သာသနာ့ဒါယကာတို့ဥတိတ်ကြီး နိမိတ်ကြီး ထင် ၍အပြစ်မဖြစ်ခဲ့ပြီ လော၊ သည်ကဲ့သို့သာ လျှောက်ကြလျှင် နောင်လာလတ့် သောသက္ကရာဇ် 1588
၉၅ဝများ မှာဘုရား သခင်သာသနာ တော်အတွက်ဖြစ် သောသက္ကရာဇ်ကိုဖြိုကိန်း မသင့်ဘဲ ခြေ လေဖြို လေက နောက် နောက် သော မင်း တို့အကျိုး မယိုယွင်း ခဲ့ပြီ လော၊ သက္ကရာဇ်ဖြိုကိန်း မကြုံမ ရောက် မဖြိုသင့် နောင်လာလတ့် သောအခါသိကြား တောင်း 1970
ပန်အပ် သောသာသနာ တော်မှာမှ ကောဇာသက္ကရာဇ် ၁၃၃၂ ခုတွင်အာလမ္ဘိက

ဖြိုကိန်း ရောက်၍ဖြို လေအံ့သည်၊ ယခုကား အတွက်မရှိသည့်အရာကို လျှောက်ကုန် သော
ဗေဒင်တတ်တို့သည်ပဿျှူး ဝိဟတ်ကိုရက်စုံသတ်၍တွယ် စေသကဲ့သို့တကြောင်း လည်း ရက်
၃၀တွယ်ရအံ့ သောလကို ၂၉နှင့်တွယ် စေသကဲ့သို့အကျိုး တော်ရှိစိမ့်မည်ကား လျှောက်
၏၊ အကျိုး တော်ပျက်သည်ကိုမတင်နိုင် ပေ၊ လျှောက်သူတို့လည်း မထင်မရှား ၊ အရှင်
မင်း မြတ်လည်း အကျိုး မများ ၊ ကောင်း ကင်နက္ခတ်တာရာကြယ်များ လည်း မညီ
မညွတ်ရှိမည်ဖြစ်သည်၊ ရွှေဘုံ ရွှေနန်း စံ လေပြီး သည်ကိုဘဇာသက်ငယ်နန်း စံပြန်
ရဦး မည် လော၊ ယာယီကိန်း ခန်း မြင် သော်လည်း ရွှေနန်း တော်မှာသာအ
ဆောင်ထုတ်၍အရပ်အရာ ဒေသကိန်း ခန်း နှင့် လျှော် အောင်စီရင်ရမည်ကိုမ
ဘွယ်မရာ ရွှေဘုံ ရွှေနန်း ကဆင်း သက်၍သက်ငယ်နန်း စံရမည် လျှောက် ဝံ့ကြသည်၊
ရွှေဘုံ ရွှေနန်း စံ လေပြီး မှသက်ငယ်နန်း မစံသင့်ပြီ၊ မဟာသင်္ကြန်ကို လျှောက်သည်
မှာလည်း သင်္ကြန် တော်ကြီး သည်၁၂နှစ်မှတကြိမ်၊ သန့်ရှင်း သောမင်း စား မြေ
တွင်ပြာသာဒ်သုံး ဆောင် ချောင်း မြစ်ခြား စေ၍ ခေါ် တော်မူရသည်၊ သင်္ကြန်
တော်မှာ ၃နှစ်မှတကြိမ် ခေါ်ရသည်၊ ပကတိသင်္ကြန်ကိုရရက်တကြိမ် ခေါ်ရသည်၊ မင်္ဂ
လာသင်္ကြန်ကိုကား ၁နှစ်တကြိမ် ခေါ်ရသည်၊ သင်္ကြန် တော်မှာသဗ္ဗ ဒေါသစ သော
တိတ်ကြီး နိမိတ်ကြီး ထင်မြင်မှ ခေါ်ရသည်၊ ရေ မြေရှင်တို့သင်္ကြန် တော် ခေါ်များ
တိုင်း တိုင်း နိုင်ငံ နေပြည် တော်ခံနိုင် တော့မည် လော၊ ယင်း သို့မခံနိုင်လျှင် လေ
မဖြောင့်မိုး မမှန်မဖြစ်ခဲ့ပြီ လော၊ ယင်း သို့ဖြစ်ခဲ့လျှင် ရွှေစိတ်နှလုံး တော်အယူ
မဖြောင့်မရှိခဲ့ပြီ လော၊ စတိတ်၊ သူဇာရက်၊ တွက်နိုင်ကာမျှနှင့် ဟော သော ဗေဒင်၊
ဓါတ်ဆန်း ဓါတ်ပျက်သရတွက်နိုင်ကာမျှနှင့် ဟော သော ဗေဒင်တတ်တို့သည်ဆင်ကန်း
တောတိုး ရတနာသုံး ပါး ကိုမကြည်ညို သောသူကန်း တို့သစ္စာရှိရာကိုမသိ၊ မိစ္ဆာဒိဋ္ဌိ
ဘုရား သခင်ကိုမမြင်ဆို သောစကား ဟောင်း ကဲ့သို့ဖြစ်သည်၊ ဗေဒင်ရိုး စန္ဒာ
မုဏိကျမ်း ၊ စူဠဂဏ္ဍကျမ်း ၊ တရိပဋ္ဌာဟာရနကျမ်း တို့ကို လေ့လာမြွန်း တီး ၍ဂ
ဏန်း ခြေ၏အနေအထား များ ကိုသိမှသက်ငယ်နန်း စံ တော်မူသင့်သည်၊ မဟာ
သင်္ကြန်ကြီး ခေါ် တော်မူသင့်သည်၊ မဟာဥကင် တော်ကြီး ဘွင့် တော်မူသင့်သည်ကို
တတန်တည်း တသမတ် တည်း လျှောက်ရမည်၊ ပုဏ္ဏား တို့လည်း စိတ်ထင်၊ ဗေဒင်
တတ်တို့လည်း စိတ်ရှိ၍ ဗေဒင်တတ်ပြုသည်၊ ရဟန်း တို့လည်း စိတ်ထင်တိုင်း လျှောက်ကြ

သည်၊ ဆရာတော်ကို မေးသင့်သည့်အရာဖြစ်၍ မေးတော်မူသည်၊ ဆရာတော်လည်း ဆိုသင့်၍ဆိုရသည်၊ အဒိပ်ထင်မြင်တိုင်း မစီရင်စေနှင့်၊ နိုင်အောင်မြစ်တား တော်မူရမည်၊ တနှစ်ဟူသော ၁၂လတွင်ပင်တန်ဆောင်း မဏ္ဍပ်နှင့်မန္တရား မန္တန်ရွတ်၍ နှစ်တက်သက်မင်္ဂလာ မဟာသင်္ကြန်၊ နေကြပ်၊ လကြပ်၊ သင်္ကြန် ခေါ်တော်မူရမည်၊ သည်မျှအမှုကိုပင်မစီရင်ကြ၊ သင်္ကြန်လတ်များ မှာအသို့စီရင်ကြမည်၊ အတူတူသာစီရင်ခဲ့လျှင်မြို့နေပြည်သား ခံနိုင်တော့မည်မဟုတ်၊ နှစ်သက်ကိုကန္ဒား ဖြင့်မင်္ဂလာသင်္ကြန် ခေါ်တော်မူရမည်၊ နေကြပ်လကြပ်များ မှာ မထင်မရှား ရ၊ မဏ္ဍပ်နှင့်သင်္ကြန် ခေါ်တော်မူရသည်၊ နက္ခတ်တာရာ၊ ကြယ်ခုနစ်စဉ်၊ တိတ်နိမိတ်စနည်း တဘောင်မှစ၍ ငှက်ပြ သောအရာတို့ကား မထင်မရှား စေရ၊ ကန္ဒား ပြု၍သာမညသင်္ကြန် ခေါ်တော်မူရမည်၊ ကပ္ပတိသင်္ကြန်မှာ ဆေးမြဲ လျှော်မြဲရရက်တကြိမ်စီရင်သင့်သည်၊ မဟာသင်္ကြန်တော် ခေါ်၍ မဟာဥကင်တော် ဘွင့်မည်မှာ ၁၉ပြည် ထောင်သောထီး ဆောင်း နန်း နေတို့ကို ခေါ်တော်မူရမည်၊ သောဠသာဖတိုင်း ကိုလည်း ခေါ်တော်မူရမည်၊ မြို့ပေါင်း ၉၆၀ပြည့် အောင်မြို့စား တို့ကိုလည်း ခေါ်တော်မူရမည်၊ ထိုသို့ညီညွတ် အောင်စီရင်တော် မူလျှင်ဆိုဘွယ်ရာမရှိ၊ ညီညွတ် အောင်စီရင်ရမည့်အ ရာသည်ခုနစ်လစာရင်း တင်၍ပြီး ပြေ အောင်အမှုတို့ကိုစီရင်ရမည်၊ ခုနစ်လ၌ကား အစီအစဉ်အ စေ့အစပ် အရပ်အ နေအထိုက်အလိုက် မျှသာဖြစ်သည်၊ တန်ခိုး သတင်း ကျော်စောခြင်း ကိုအလို ရှိသောမင်း ဧကရာဇ်တို့သည်တန်ခိုး သတင်း ကျော်စောခြင်း ဖြစ်အောင်စီရင် မှ ကျော်စောထင်ရှား အံ့ သည်မဟာဓမ္မရာဇ်မင်း မြွတ်။ 4 February 1574

သက္ကရာဇ် ၉၃၅ ခုတပေါင်း လပြည့် နေ့တွင် လောကုတ္တရာဆရာတော် ပြသာဒ်တော်သို့ကြွ ရောက်၍ဟံသာဝတီဆင်ဖြူရှင်မင်း တရား အား မိန့်တော်မူသည်။

( ရှေး ဟောင်း စါပေ သုတေသီ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်
လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊
ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း မြို့ပြ ကျေး ရွာများ မှာဥပုသ်ပဝါရဏာ
ကပ်လထပ်ရက်ငင်နေ့ ခေါ်အမှတ်အသား များ သည်တရား ကျမ်း ဂန်နှင့်မညီ
သော ကြောင့်တရား ကျမ်း ဂန်နှင့်အညီကျင့် ဆောင်ကြမှ ပစ္စုပ္ပန်သံသရာအကျိုး ?1554
စီး ပွါး များ ရာသည်ကို ထောက်၍ နှစ် ပေါင်း ၂၀ ကြော်ထုတ်ပြန်ပြသ တော်မူသည်၊
ရဟန်း ရှင်လူပြည်သူပြည်သား အပေါင်း တို့မှန်ကန်ညီညွတ် အောင်မကျင့်မဆောင်
နိုင်၊ ဘုရား ဟော တော်မူသည့်ကျမ်း ဂန်ပါဠိဇာတ်နိပါတ်များ ကိုဆရာ တော်သံ
ဃာ တော်မင်း ညီမင်း သား မင်း မြေး မှူး တော်မတ် တော်ပြည်သူပြည်သား တို့
နှင့်အစုံအညီစည်း ဝေး ဘတ် စေလျှင် ဟော တော်မူရင်း ပါဠိပါဠိနှင့်ပြန်ဆိုချက်အ
ဓိပ္ပါယ်မညီ သော ကြောင့်အဋ္ဌကထာဋီကာနက်များ နှင့်သိသာ ရှင်း လင်း ညီညွတ်
အောင်သာသနာအကျော်လက်ာ ရဆရာ တော် လောကုတ္တရာဆရာ တော်တို့ လျှောက်
ထား ရမည် မေး မြန်း သည်ကိုလည်း ဆရာ တော်သံဃာ တော်မင်း သား မင်း
မြေး မှူး တော်မတ် တော်ညီညွတ်မှန်ကန် အောင်မ လျှောက်ထား နိုင်ကအနက်အ
ဓိပ္ပါယ်နှင့်ရှင်း လင်း အောင်မ လျှောက်မထား မပြော မဆိုနိုင်သည်ကိုလည်း အ
မှန်အကန်ကျင့် ဆောင်ကြမည်မဟုတ်၊ အဝိရောဓနတရား နှင့်အညီပြည်သူတို့နှင့်မ
ဆန့်ကျင်မှု၊ ဆရာသမား စဉ် ဘေား ဘိုး စဉ်ဆက်ကျင့် ဆောင်သည့်အတိုင်း ခေါ်
ဝေါ်မှတ်သား ကျင့် ဆောင်ကြမှညီညွတ်မည့်အကြောင်း ဖြစ်သည်၊
ဥပုသ်ပဝါရဏာဝါဆိုဝါကပ်လထပ်ရက်ငင်နေ့ ခေါ်ရက် ခေါ်အမှတ်အသား များ
ကိုဆရာစဉ်ဆက် ခေါ် ဝေါ်မှတ်သား မြဲကျင့် ဆောင်ကြစေ၊
နှစ်စဉ်စာမေး စာပြန်ပဋ္ဌင်း ခံ ရှင်ပြုအလှူကောင်း မှုများ မှာလည်း အစဉ်
လှူဒါန်း နည်း အတိုင်း လှူဒါန်း မြဲလှူဒါန်း ကြစေ၊
ဥပုသ်သီတင်း ဆောက်တည်သူတို့မှာဘုရား ဇရပ်များ တွင်သာဥပုသ်သီတင်း ခံ၍
မနေစေနှင့်၊ ကျောင်း ကန်သွား ၍လည်း ဥပုသ်သီတင်း ဆောက်တည်ကြစေ၊
ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း စော်ဘွား မြို့စား ၊ မြို့ဝန်၊ စစ်ကဲ၊
မြို့ရွာသူကြီး ၊ ခေါင်း အကြီး တို့ကို စေ့နှံ့ အောင်ပြန်ဆိုထား ရမည်။

14 March (1574)

14 March (1574)

(သက္ကရာဇ် ၉၃၅ ခု နှောင်း) တန်ကူး လပြည့်ကျော် ၇ ရက် နေ့ နေမိန္ဒရ တွင်ပြုန်။

(ရှေး ဟောင်း စါပေသုတေသီ)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောဆင်ဖြူများ ရှင်လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ငါအရှင်ဧကရာဇ် မင်း မြတ်လက်ထက် တော်တွင် ဘား လောင်း တော်ဘိုး လောင်း တော်တို့လက်ထက် ကထက်မကတိုး ပွါး များ ပြား သောတိုင်း နိုင်ငံ တော်အကျယ်အဝန်း ရှိသည့်အတိုင်း ပြည်သူသတ္တဝါအ ပေါင်း တို့တရား မမှန်မကန်ဖြစ်သည်ကို မှန်ကန် အောင်နှစ်လရှည် စွာ ဆွေး နွေး တိုင်ပင်ပြုသ ပြောဆို တော်မူသည်၊ ယခုရဟန်း ဆိုသူတို့သည်အမြတ်အ ဃောင် ဆောင်သာဖြစ်၍ကျင့် ဆောက်တည် သောတရား ကို မေး တော်မူလျှင်တစုံ တခု မျှကျင့် ဆောက်တည် သောအရာ မရှိ၊ မပြော မဆိုနိုင်၊ ( ရှေး ဘား လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ပွဲ ကျောင်း ဆရာတို့သည် ) ဥတ္တိစတုဏ္ဍဖြင့်ရဟန်း ပြု၍ အထင်အရှား သိသိသာသာ နေထိုင်သည်၊ လဇ္ဇီအလဇ္ဇီဆိုသည် မှာလည်း ကျင့်သည်ကာ လလဇ္ဇီ၊ မကျင့်ကာလအလဇ္ဇီသာဖြစ်လျက် မည်သူလဇ္ဇီ၊ မည်သူအလဇ္ဇီဟူ၍ မခြား နားသင့် ဖြစ်သည်၊ ရှေး ပွဲ ကျောင်း စည်တီး မီး နှက်ရဟန်း အစဉ်ထုံး စံလည်း မပျောက်စေ ရ၊ ပွဲ ကျောင်း စည်တီး မီး နှက်ရဟန်း အနွယ်အစဉ်အလိုက် ဥတ္တိစတုဏ္ဍဖြင့်ပြုမြဲပြု စေ၍ ပွဲ ကျောင်း ရဟန်း တည်ထွန်း စေပြီး လျှင်အကျင့်သီလ မှာလည်း သင်္ခါရသည်အတ္တိနကြိ ဖြစ်၍ မျက်စိတမှိတ်လျှပ်တပြက်ကာလတွင်နာနက္ခဏိက စေဘနာဟူ သေါပဋ္ဌာန်း ပါဠိ တော်နှင့်အညီတခဏတွင်သာကုသိုလ် စေတနာ၊ အကုသိုလ် စေတနာဖြစ်ကုန်သည်၊ တ ခဏအလွန်ကာလဖြစ်သည်မဟုတ်၊တရား သဘော တော်ကို ထောက်သဖြင့်လူတို့ကျင့် ဆောင် သကဲ့သို့အရိယဓမ္မတရား ဆယ်ပါး ကိုမနောကံဖြင့်ပုတီး တပတ်ဖြစ်စေ၊ နှစ်ပတ်ဖြစ် စေ၊ တပတ်နှစ်ပတ်ပင်မဟုတ် သော်လည်း ပုတီး ဆယ်လုံး ဖြစ်စေ၊ ငါး လုံး ဖြစ်စေ၊ နှစ်လုံး ဖြစ်စေ၊ တလုံး ဖြစ်စေ၊ တတ်အား သမျှကျင့် ဆောက်တည်သဖြင့်ကုသိုလ် စေတ နာဖြစ်၍အကျိုး ရသည်များ ကိုနှလုံး သွင်း ပြီး လျှင်အရိယဓမ္မတရား ဆယ်ပါး တို့ကို တတ်အား သမျှကျင့် ဆောင်ကြ စေ၊ အဝတ်အစား အသုံး အဆောင်မှာလည်း ရှေး ပွဲ ကျောင်း ရဟန်း တို့ဝတ်စား သုံး ဆောင်သည့်အတိုင်း ဆံရိတ်ခြင်း ၊ သင်္ကန်း ဝတ် ခြင်း ၊ သပိတ် ဆောင်ခြင်း များ ကိုဝတ်စား သုံး ဆောင်စေ၊ အရုံအတင်ဆိုသည် မှာအဝတ်သင်္ကန်း ၌တရား မဟုတ်၊ အကျင့်မှာသာတရား ဖြစ်သည်၊ အရုံအတင်ဝတ် ဆင်လိုသမျှဝတ်ဆင်စေ၊ (ထိုအရိယာဓမ္မတရား ကိုနှလုံး သွင်း သဖြင့်အကျိုး ဖြစ်ပြီး

သည်ကိုလူကဲ့သို့လယ်ယာ ဥယျာဉ်လုပ် ဆောင်ခြင်း ၊ ပွဲသဘင်ပြုခြင်း များ မှာလည်း အလိုရှိသမျှလုပ် ဆောင် စိုက်ပျိုး ပြုစု စေ ) ၊ ပြည်သူပြည်သား တို့ကလည်း ရှေး အစဉ် လျှဒါန်း ကိုး ကွယ်သကဲ့သို့ ကျောင်း ကန် ဆောက်လုပ်လှူဒါန်း ကိုး ကွယ် စေ၊ ပွဲ ကျောင်း ဂူဟန်း တည်ထွန်း ပွါး များ အောင်ကြပ်ကြပ်တည်း တည်း စီရင် စေ။

(14 March 1574)

သက္ကရာဇ် ( ၉၃၅ခု နှောင်း တန်ကူး လပြည့်ကျော် ၈ရက် ) နေ့ ဒေါဗညား တွင်ပြန်။

( ရှေး ဟောင်း စာပေသုတေသီ၊ သူရိယ၊ တွဲ ၁၆၊ မှတ် ၁၂၊ မျက် ၃၃၊ ပေ လေး ပင်၊ မှတ် ၁၊ ဩဂုတ် ၁၉၈၀၊ စာ၄၇ – ၈ )

ဘုန်း တော်အလွှန်ကြီး မြတ်တော်မူလှ သောဆင်ဖြူများ သခင်လက်နက်စကြာရှင်
အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ လူတို့တွင်အသုံး အ
ဆောင်ဥတုရတု၊ နှစ်လပက္ခရက်၊ နာရီဗဝါး ပါဒ်ဗီဇနာပြန်ခရာပဟိုရ် မေါင်း
များ ကိုညည့်တိုသည်၊ နေ့ရှည်သည်၊ နေ့တိုသည်၊ ညည့်ရှည်သည်များ နှင့် ခေါ် ဝေါ်
သုံး ဆောင်ကြသည်မှာ လောကီကျမ်း ကြီး ရာဇမတ္တဏ်ကျမ်း များ နှင့်မညီဖြစ်သည်၊
လောကီရာဇမတ္တဏ်ကျမ်း ကြီး များ တွင်ဆဋ္ဌိပြ နေ့ဟိ၊ ခြောက်(ခု၏အ)ပြန်တို့
သည်၊ဝိကလာ၊ ဝိကလာတခုမည်သည်၊ ဘဝေ၊ ဖြစ်၏၊ ဝိကလန်၊ ဝိကလာတို့၏၊ ဆဋ္ဌိ
တိ၊ ၆၀တို့ဖြင့်၊ ကလာ၊ ကလာတခုသည်၊ ဘဝေ၊ ဖြစ်၏၊ ထသံ၊ ထိုကလာတို့၏၊ ဆ
ဋ္ဌာပိ၊ ၆၀တို့သည်ကား ၊ အံသာ၊ တအံသာသည်၊ ဘဝေ၊ ဖြစ်၏၊ ထာကရိသာ၊ ထို
အံသာ ၃၀တို့သည်ကား ၊ ရာသီ၊ တရာသီသည်၊ ဘဝေဖြစ်၏၊ တေစ၊ ထိုရာသီတို့သည်၊
မေသာဒယော၊ မိဿအစရှိကုန်သော ၁၂ ပါး တို့တည်း ၊ တံဒွါဒသဘိ၊ ထို ၁၂ ရာသီ
တို့ဖြင့်၊ ဘဂဏော၊ ဘဂဏတခုသည်၊ ဘဝေ၊ ဖြစ်၏၊ ကပ္ပေ၊ တကမ္ဘာ၌၊ သတ္တသု
ညာနံ၊ သုညရလုံး တို့သည်လည်း ကောင်း ၊ တံသဗ္ဗေဒါ၊ ၄၃၂ ခုတို့သည်လည်း ကောင်း၊
သိယုံ၊ ဖြစ်ကုန်၏၊ ခံတယဟိနာ၊ သုည၃လုံး တို့ ချေအပ်ကုန်သော၊ တေရဝိဘဝဏ္ဏါ၊
ထိုရဝိဘဝဏ္ဏတို့သည်၊ စတုယုဂံ၊ စတုယုဂမည်သည်၊ ဘဝတိ၊ ဖြစ်၏၊ စသုဗ္ဗိ၊ ၄ခုတို့
ဖြင့်၊ ဂုဏ်တော၊ မြှောက်အပ်သော၊ တံဒသဘာဂေါ၊ ထိုစတုယုဂ၏ ၁၀ခု မြောက်
ဖြစ်သောအဘို့သည်ကား ၊ ကတော၊ ကတယုဂ်မည်၏၊ တြိဘိ၊ ၃ခုတို့ဖြင့်၊ ဂုဏာ၊
မြှောက်အပ်သော၊ တံဒသဘာဂါ၊ ထိုစတုယုဂ၊ ၁၀ခု မြှောက်ဖြစ်သောအဘို့သည်၊
ကာလတြေတြာယုဂေါ၊ ကာလတြေတြာယုဂမည်၏၊ ဒိဂုဏော၊ ၂ခုတို့ဖြင့်မြှောက်
အပ်သော၊ တံဒသဘာဂေါ၊ ထိုစတုယုဂ၏ ၁၀ခု မြှောက်ဖြစ်သောအဘို့သည်ကား ၊
ဒွါပရော၊ ဒွါပရယုဂ်မည်၏၊ ဧကေန၊ တခုဖြင့်၊ ဂုဏာ၊ မြှောက်အပ်သော၊ တံ
ဒသဘာဂါ၊ ထိုစတုယုဂ၏ ၁၀ခု မြှောက်ဖြစ်သောအဘို့ကိုကား ၊ ကလီ၊ ကလိယုဂဟူ
၍၊သမ္ဘာချာတာ၊ ကောင်း စွာ ဟောအပ်၏၊ အကရသန ပေသာတု၊ မျက်စိ ၁၀
မှိတ်တို့သည်၊ ကလာ၊ကာလမည်၏၊ တာပိတိံသ၊ ထိုကာလ ၃၀တို့သည်ကား ၊ ခဏော၊
ခဏမည်၏၊ တေဒွါဒသတုဂဏာ၊ ထို ၁၂ ခဏတို့ကိုကား ၊ မုဟုတ္တာ၊ မုဟုတ္တမည်ကုန်၏
ဟူ၍၊ မတာ၊ သိအပ်၏၊ တေတိံသ၊ ထိုမုဟုတ် ၃၀တို့သည်ကား ၊ အဟောရတ္တံ၊ တရက်

ဖြစ်၏၊ တေပဥ္စဒသာ၊ ထို၁၅ရက်တို့သည်ကား၊ ပက္ခော၊ တပက္ခမည်၏၊ ပုဗ္ဗာပရာ
ပက္ခော၊ ရှေ့ပက္ခ နောက်ပက္ခသည်ကား၊ သုဂတော၊ လဆန်းပက္ခလကွယ်ပက္ခမည်ကုန်
၏၊ ဥဘယောတု၊ ထို၂ပက္ခသည်ကား၊ မာသော၊ တလမည်၏၊ ဒွါဒသဟိမာသေဟိ၊ ၁၂လ
တို့ဖြင့်၊ သမုတာအာရဗ္ဘကိတံ၊ ၄ဂဥပုသ်ဖြင့်မှတ်အပ်သော ဝဿံ၊ လူတို့၏တနှစ်သည်၊ ဘ
ဝေ၊ ဖြစ်၏၊ မာသေန၊ လူတို့၏တလဖြင့်၊ ပေပြိမဟောရတ္တံ၊ ပိတနတ်တို့၏တရက်သည်၊
လူတို့၏တနှစ်ဖြစ်၏၊ ဒေဝမဟောရတ္တံ၊ ပိတရာနတ်တို့မှတပါး ကုန်သောနတ်တို့၏တ
ရက်သည်၊ သိယာ၊ ဖြစ်ရာ၏ဟူ၍ ရာဇမတ္တဏ်ကျမ်း တွင်လာသည်၊ အဘိဓါန်ဋီကာတွင်
လည်း တဖြ၊ ထိုတရက်တွင်၊ ဥတ္တရာယန်၊ လူတို့၏ ဥတ္တရာယဉ် ၆လသည်၊ ဒေဝါနံ၊ နတ်တို့
၏၊ ဒိနံ၊ နေ့သည်၊ ဟောတိ၊ ဖြစ်၏၊ ဒက္ခိဏာယနံ၊ လူတို့၏ ဒက္ခိဏာယဉ် ၆လသည်တမူကား ၊
ဒေဝတမဟောရတ္တံ၊ နတ်တို့၏ညဉ့်သည်၊ ဟောတိ၊ ဖြစ်၏၊ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော၊
ဒွေပဝေသေဒယော၊ ယုဂ္ဂ ထောင်တို့သည်၊ ဗြဟ္မယောရတ္တိ၊ ဗြဟ္မာတို့၏တရက်ဖြစ်သော၊
သောတု၊ ထိုဗြဟ္မာတို့၏တရက်သည်ကား၊ နရာနံ၊ လူတို့၏၊ သုဃောသုသော၊ ကပ္ပာမည်၏၊
ယုဂါနံ၊ ယုဂတို့၏၊ သတ္တဟိတုရတခုသည်ကား ၊ မနွန္တရံ၊ မနွန္တရမည်၏၊ ဿေဒွါဒသ
သဟဿံ၊ ထိုနတ်တို့၏၂၀၀၀ကိုကား ၊ ယုဂါချာ၊ နတ်တို့၏တယုဂမည်၏ဟူ၍၊ ပရိကိတ္တိ
တာ၊ ဆိုအပ်၏၊ သဟဿဂုဏတံ၊ တထောင်ဖြင့် မြှောက်အပ်သော၊ ဇော်တု၊ ထိုနတ်တို့
၏ ယုဂကိုကား ၊ အဟောဗြဟ္မံ၊ ဗြဟ္မာတို့၏ နေ့ဟူ၍၊ ဥဒါဟဋံ၊ ဆိုအပ်ဟုလာသည်၊
ကျမ်း ဂန်တွင်လည်း ၊ တိသရတ္တိဒိဝေါမာသော၊ မာသဒွါဒသသံဝစ္ဆရောဟူ၍လာ
သည်၊ ထိုသို့ကျမ်း ဂန်အဘိဓါန် ဗေဒင်ကျမ်း ရာဇမတ္တဏ်တို့၌ နေ့၃၀ညဉ့်၃၀ညဉ့်
နေ့နာရီ၆၀လျှင်တရက်၊ ၁၅ရက်လျှင်တပက္ခ၊ ၂ပက္ခလျှင်တမာသ၊ ၂မာသကိုတ
ရတု၊ ၂ရတုကိုတဥတု၊ ၃ဥတုကိုတနှစ်၊ တနှစ်ကိုရက်ပေါင်း၃၆၀၊ နာရီပေါင်း
၂၁၆၀၀ဖြစ်ကြောင်းကိုလာသည်အတိုင်းအခေါ်အဝေါ်အသုံးအဆောင်မပြု၊ နေ့
နာရီတိုသည်၊ ညဉ့်နာရီရှည်သည်၊ ညဉ့်နာရီတိုသည်၊ နေ့နာရီရှည်သည်ဟုကျမ်း ဂန်
အဘိဓါန်ရာဇမတ္တဏ်ကျမ်း ကြီး တို့၌မလာ၊ ကျမ်း ဂန်လာသည့်အတိုင်း နေ့နာရီ
၃၀၊ ညဉ့်နာရီ၃၀၊ တပဟိုရ်လျှင်၇နာရီ၂ပတ်တီး စေ၊ ကျမ်း ဂန်မလာသည်
ကိုညဉ့်ကို၉နာရီ၊ နေ့ကို၉နာရီ၊ နေ့ကို၇နာရီ၊ ညဉ့်ကို၉နာရီမတီး စေနှင့်၊
နာရီခွက်ချသည်မှာလည်း နာရီခွက်ကိုတီး မြဲတိုင်း ၄ပတ်လျှင်တမောင်း ၊ ၆

မောင်းတီး၍ နောက်တမောင်း မှ ၁၄ ပတ်နစ်လျှင် ဖလားကိုဆယ်၍ ချပြီးလျှင် ၂ ပတ်နစ်မှ ၇ မောင်း ခတ်၍ တပဟိုရ်တီး စေ၊ နောက် နောက်ကိုလည်း အစဉ်အတိုင်း ဖလားကိုချ၍ နေ့ ၄ ပဟိုရ်၊ ည ၄ ပဟိုရ်တီး မြဲတီး စေ။

သက္ကရာဇ် ၉၃၇ ခုနယုန်လပြည့်နေ့ နေမိန္ဒုရ·တွင်ပြန်။ 24 May 1575

(သုရိယ၊ အတွဲ ၁၇၊ အမှတ် ၃၊ မေ ၁၉၃၃၊ စာ ၆၄ – ၅၊ ရှေးဟောင်း စာပေ သုတေသီ)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောအသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား
အမိန့် တော်ရှိသည်၊ သက္ကရာဇ် ၉၅၉ ခု တော်သလင်း လပြည့် ကျော် ၂ ရက် ၄ နေ့
ရတနာပူရကိုနာမံဖျက်၍ ရွှေဝမြို့ကြီး သမုတ်၍ထီး နန်း ကနက် ဆောက်စိုက်၍
စမွယ် တော်မူမည်အရာကိုထုံး စံပုံသက် သေသာဓကရှာ သော်သ ရေ ခေတ္တရာ
ပြည်၌သမုန္ဒရီမင်း သည်သက္ကရာဇ် ၅၅၉ ခုကိုသင်္ချ ၁၅၅၇ ခု ချ၍သက္ကရာဇ်တို
ကလိယုဂ် ၂ ခု စီရင်သည်၊ ထိုအခါဘုရား သခင်သာသနာ တော် ဒေါဒေါရသာရှိ
AD 107
သည် ကောဇာသက္ကရာဇ်တို ၂၉ ခုဘုရား သာသနာ တော် ၆၅၁ ခု ရောက်သော
ခါသုပညာနဂရဆိန္နမင်း ဖြေး တော်ဖြစ် သောသမုဒ္ဒရာဇ်မင်း သည် ညောင်
ဦး ရွာ၊ နဂါး ဘိုရွာ၊ နဂါး ကြစ်ရွာ၊ မန်ကျည်း ကြီး ရွာ၊ တူး တည်ရွာ၊
ကျောက်စကား ရွာ၊ ကုတ်ကဲသိမ်ရွာ၊ ညောင်ဝန်း ရွာ၊ အနုရာဓရွာ၊ တန်း
ဆောင်း ထွန်း ရွာ၊ ရွာမုန်း ရွာ၊ ကြင်လိုရွာ၊ ကုက္ကိုရွာ၊ တောင်ပရွာ၊ မြေ
ခဲတွင်း ရွာ၊ သရက်ရွာ၊ စည့်ကူရွာ၊ ယုံလွတ်ကျွန်း ရွာ၊ ရွာစိုက်ဟူ သော ၁၉ ရွာ
သား တို့ကိုအလုံး အရင်း သူရဲသူခက်ပြုံ၍သိမ်း ရုံး ပြီး လျှင်ချိ တော်မူ၏၊ တူရွင်း
တောင်တွင်စံ တော်မူ သောအခါအုတ်မြို့မတည်၊ သစ်မြို့တည် ကြောင်း ကို ရှေး စာထုံး
ဟောင်း ရှိသည်၊ နောက် ငှက်၊ ဘူး ၊ ဝက်၊ ရှူး တို့သည်တူး ရွင်း တောင်တွင် ပေါ်
ရှိသည်၊ သား တော်ပြူ စောထီး ခွင်း ၍ ရန်အ ပေါင်း နှိမ်နင်း သည်၊ ထိုကဲ့သို့လည်း
ကောင်း ရတနာပူ ရမြို့ရွာကိုအ နောက်သို့ချဲ့၍တည်လျှင် ကျောက် မောင်နှမတို့ကိုမြို့
ပြင်ရှိ စေရမည်၊ ပဒုမ္မစန္ဒသူရိယမင်း တွင်ဆင်ဖြူအရပ် ၁၅ တောင်ငယ်ခန့် လောက်
သောဆင် တော်ကိုရ တော်မူ သောအရပ်ဖြစ်၍ဆင် တော်ရတွင်သည်၊ ရေဆိပ်နား
၌ကူး တို့ကိုဆင်ရကူး တို့တွင် သောဆိပ်သို့နီး အောင်တိုင်း တာရမည်၊ မြို့တံခါး ကိုး
ရပ် အောင်စွာနတ်တန် ဆောင်း ၊ ငါး စီး ရှင်နတ်တန် ဆောင်း ၊ မြို့ထောင့်
ပြမြို့ပတ်လည်ပြမှစ၍နန်း မြို့တော်၊ မြေနန်း ၊ ဖြိုတိုက်လွှတ်ရုံး ဝင်း ရုံး နောက်
ရုံး များ နှင့်ခန့်ထား စီရင်ရန်မဏ္ဍယား တတ် ဗေဒင်ပါတ်တို့နှင့်တက္ကသိရိမဟာ
ဓမ္မကိုခန့်ထား ၍အလျှင်သွား စေရမည်၊ အလျှင်ခန့် တော်မူသည့်ကျွန် တော်မျိုး တို့
အဝမှာရှိနှင့်ပြီ၊ လုပ် ဆောင်စီရင်ရုံထား ပြီး ကြောင်း ကိုအလျှင်သံ တော်ဦး
တင်ရမည်၊ ဝန်တို့ကစီရင်။

9 April 1597

9 April 1597

သက္ကရာဇ် ၉၅၉ ခုကဆုန်လဆန်း ၅ရက် နေ့နား ခံစ မြောင်မှူး
ထုန်၍လွှတ်တွင်ပြန်။

( ရှေး ဟောင်း စာပေသုတေသီ )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီး
ဘုရား အမိန့်တော်ရှိသည်၊ မဟာဥက္ကာသေန၊ မဟာဥက္ကဓမ္မတို့ကို ညောင်
ရမ်းအောင်မြေကပင် သေနာပတိအရာကိုခန့်တော်မူသည်၊ သေနာပတိ
ဆိုသည့်အရာသည် ငါအသျှင်ဘဝရှင်မင်းတရားကြီးဘုရား မကြားသည်ကိုကြား
အောင်လျှောက်ခြင်း၊ အကျိုးတော်စီးပွါးတော်ကိုမယုတ်မလျော့စေခြင်း၊
တိုင်းရေးပြည်ရေးတို့ကိုမပြတ်ရှင်းလင်းခြင်း၊ မြို့နေပြည်သားတို့ကိုမပြတ်
မစခြင်း၊ ခိုးသေးမီးပွါးတို့ကိုမပေါ်မထွက်ရအောင်လုံ့လဝိယမပြု၍စီရင်
ခြင်း၊ ခပ်သိမ်းသောသတ္တဝါတို့ကိုအပြစ်နှင့်လျော်စွာစီရင်ခြင်း၊ အမှုထမ်းတို့
အရည်အချင်းကိုစစ်ကြော၍စာတင်ခြင်း၊ အရာထမ်းကိုလက္ခဏာဂုဏ်ရည်ကိုပြု၍
စာသွင်းခြင်း၊ အမျိုးလေးပါးတို့နှိုက်သင်္ဂဟပြု၍ထောက်မခြင်း၊ အမှုထမ်းတို့
တွင်မကုံမလုံသူတို့ကိုရွေးကောက်၍ချီးမြှင့်ခြင်း၊ အသုံးအဆောင်ထောက်မခြင်း၊
ခိုးသူမုဒိန်းတို့ကိုမပေါ်မထွက်ရအောင်မပြတ်အာဏာ( ပေး )ခြင်း၊ (အမှု)
ပေါ်ထွက်သမျှတို့တွင်အသွားနှင့်စီရင်သင့်သည်အနှောက်နှင့်စီရင်သင့်သည်အပြစ်
နှင့်စီရင်ရာသည်များကိုငါအသျှင်ဘဝရှင်မင်းတရားကြီးကိုထုံးစံပြု၍လျှောက်
ထားခြင်း၊ လူဆိုးလူသွမ်းတို့၏လက္ခဏာကိုဆောင်သောသူတို့အားတရားပြု၍
သွန်သင်ခြင်း၊ ကြေးငွေပန္နာရများကိုမမက်မမောလောဘကိုချုပ်တည်း၍
ဒေါသကိုနောက်ထား၍စီရင်ခြင်း၊ အရိုးကိုအရွက်မဖုံးစေရဖြောင့်သား
တော်တည့်အောင်စီရင်ခြင်း၊ ရှေ့နေခေါင်းရပ်တရားဆုံးဖြတ်သူတို့အလိုတူ
သို့မလိုက်တရားရှိသည်ကိုသာစီရင်ခြင်း၊ ရှုံးသင့်သသူတို့ကိုအံ့ရှုံးပေးခြင်း၊
နိုင်သင့်သသူတို့ကိုအောင်စေခြင်း၊ မှူးမတ်နေရာနေ၊ နေရာမနေ၊ အမည်
ရ၊ မရအမှုထမ်းတို့အားသင်္ဂဟဖြင့်အဝတ်အစားမစထောက်ပံ့ခြင်း၊ မြို့နေ
ပြည်သားသမီးသားတို့ကိုမညှဉ်းဆဲမနှိပ်စက်ခြင်း၊ အရှက်အကြောက်တို့ကို
ကိုင် လေး ထောင်အမှုး လေး ရာတို့ကိုသက္ကရာဇ် ၉၅၉ ခုပြာသိုလဆန်း ၁၀ရက် နေ့ထပ်၍ဘွဲ့ တော်မူသည်၊ အစုရင်း ကား မိုး ကောင်း နှင့်ခန့်တီစပ်ကြား တွင် နေသည့်လူစုတို့ကိုဘွဲ့ တော်မူသည်၊ ဗန်း မော်နှင့်မိုး ဝန်း စပ်ကြား ရှိသည့်လူစု မိုး ကောင်း နှင့်မိုး ညှင်း စပ်ကြား တွင်ရှိသည့်လူ၊ ဟူ လေ၊ ပ လောင်၊ ကချင်၊ ကရင်၊ လူမည်း ၊ လဝ၊ လဝိုက်၊ အင်ကြယ်၊ ရှမ်း ၊ ယွန်း ၊ တရုပ်၊ တရက်တို့မှစ၍ လူစုတို့ကိုဒိုင်း ကိုင်ထပ်၍ဘွဲ့ တော်မူသည်၊ ရတနာပူရအင်း ဝတွင် ကြေး စား သင်း မှုး သား မြေး မြစ်တို့ကိုနတ်ရှင်မြင်း စု ၁၀၀ဘွဲ့ တော်မူ၍ ရှိရင်း နတ်ရှင်မြင်း စု ၂၀နှင့် ပေါင်း ရှက်ထမ်း ရွက်ရသည်၊

30 July 1607
သက္ကရာဇ် ၉၆၉ ခု ဝါခေါင်လပြည့်ကျော် ၃ရက် နေ့ ညောင်ရမ်း မြင်း ၃၀၀၊ ပင် လယ်မြင်း စုတို့နှင့် ပေါင်း ရှက်ထမ်း ကုန်နိုင်မည့်လူအဝတွင်အမည်ရမှုး မတ်သား မြေး တို့ကို ညောင်ရမ်း မြင်း ၊ ပင်လယ်မြင်း စုမှာသွင်း ၍ ပေါင်း ရှက်ထမ်း ရွက် ရသည်၊

ရတနာပူရအဝတွင်သတိုး မင်း စော ဆွေသား မျိုး သား တို့ကိုသတိုး ဆွေသား မျိုး သား မြင်း ဘွဲ့ တော်မူ၍အနောက်ကထမ်း ရသည်၊

မိုး ကောင်း မင်း သမီး ၊ မိုး ညှင်း မင်း သမီး တို့နှင့်ပါသည့်ရှမ်း စုကို့မှာမြို့ရွာ ပြန်၍ပုန်း ရှောင်ရာတွင်လက်မထောက်အစုဘွဲ့ တော်မူ၍ ရှေ့ဂုံး တော်တွင်အမြဲ နေ၍ထမ်း ရွက်ရသည်၊

ဘုံစံတုလွှတ်ဆရာ တော်နှင့်စလင်း မြို့ကျေး တောစိမ်း ရွာပြည်စိုး ၊ ကျီရွာပြည်စိုး ၊ ဥယဉ်ကျီရွာပြည်စိုး တို့သည်ဝိနည်း မိုရ်ဆရာ တော် ရှေ့အကျွရာနှစ်ပြင်နှင့်ဆိုကြသည့် စကား ဆရာ တော် ကောက်တန်း တွင် ရွှေဂူစား လူင ရွှေထီး ၊ င သော်ကုလား ရွာစား လူငဘိုညို၊ ပင်သာကြီးညှပ်စား လူင ကော်စံနှင့်၃ဂအိမ်၊ စသိမ်စား လူ ငဘိုး ညိုနှင့်၉အိမ်၊ သတိုး သီဟသူခံငဘုန်း ထင်လူစု၊ င ရွှေနှိုင်း င ရွှေ ထွေး င ရွှေ

အောင်တို့နှင့် ၅၁အိမ်၊ ကျွား ကြီး မကြီး ကျွား ငယ်မငယ်အပုအရွထိုင်တတ်သွား
တတ်သော ယောကျ်ား မိန်း မတို့ကိုသက္ကရာဇ် ၁၀၃၉ခုတကြိမ်၊ ဘိုး တော်ဘုရား 1677
ရွှေကရား နှင့် ရေစင် တော်သွန်း၍အရံ စောင့်လှူတော်မူသည်၊
သက္ကရာဇ် ၁၀၄၂ခု ရွှေဥမင် တော်သာမုံ ခေါ်ရာတွင်တကြိမ် ရေစင် တော် 1680
သွန်း၍လှူ တော်မူသည်၊
ဘုံစံတုလွှတ် ကျောင်း အရံ စောင့်အ ပေါင်း အစုတို့တွင် တောစိမ်း ရွာကျီရွာဥယဉ်
ကျီရွာပြည်စိုး ငယ်တို့ကအသည် စုလူ မည်သူဟူ၍ ဂဏန်း ကောက်နှုတ် စေ၊ ကောက်နှုတ်
သည့်လူ စုတို့နှင့်ပြည်စိုး ငယ်တို့ကို ရေပြိုင် စေ၊ ရေပြိုင်ရာတွင်အရံ စောင့်လူတို့က
ပေါ်လျှင်၊ ဘုံစံတုလွှတ်ဆရာ တော်ကိုမအပ်သာ၊ ပြည်စိုး ငယ်တို့က ပေါ်လျှင်ရာဇ
ဝတ်ကိုထင်ရှား အောင်စီရင်ရမည်၊ ကျောင်း လူတို့ကိုဆရာ တော်ကိုအပ်ရမည်၊
ဝန်တို့စီရင်။

15 February 1716

သက္ကရာဇ် ၁၀၇၇ခုတ ပေါင်း လဆန်း ၅ရက် နေ့နား ခံစ မြောင်မှူး
တွင်ပြန်။

(ဝက်မစွတ် စါစု၊ သုတေသီ စါစု)

ဘုရား ကျွန်တော် ဝန်တို့ ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ၊ ဘုံစံတုလွှတ် ကျောင်း ဆရာတော်နှင့် တောစိမ်း ရွာကျီရွာ ဥယဉ်ကျီရွာပြည်စိုး ငယ်တို့ကိုဘုရား အမိန့်တော်မြွတ်အတိုင်း ပြန်လျှင် ရွှေဂူစား လူင ရွှေထီး တို့နှင့် ရေမပြိုင်ဝံ့ပါ၊ ဝန်ချထွက်ဆိုသော ကြောင့်င ရွှေထီး နှင့်အဝင်အပါအဂုံ တော် စောင့်နှစ်ထပ်လျှ တော်မှူးရာပါဝင်သသူတို့ကိုကျား ကြီး မကြီး ကျား ငယ်မငယ်စာရင်း တော်နှင့်တကွဘုံစံတုလွှတ်ဆရာ တော်ကိုအပ်ပါသည့်အကြောင်း ကိုရှိခိုး သံတော်ဦး တင်ပါသည်ဘုရား အတွင်း တော်သို့ လျှောက်စာသွင်း ရာတွင်ဝန်တို့စီရင်သည်၊ သင့်ပြီ။

20 February 1716

သက္ကရာဇ် ၁၀၇၇ ခုတပေါင်း လဆန်း ၁၀ရက် နေ့နား ခံပြော့ကြီး မှူးတွင်ပြန်။

( ဝက်မစွတ် စါစု၊ သုတေသီ စါစု )

14 February 1715

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ မုဏ္ဍမအခွန်တော်ဆက်ကျွန်တော်မျိုး ဆင်းရဲသားတို့သည်အသွယ်သွယ်အဝဝရှိကြောင်းကို ရွှေနားတော်ကြားတော်မူရသည်၊ တောင်ငူမုဏ္ဍမမြို့ဝန်အခွန်ဝန်သီး ခြား ခန့်တား ၍ ရှိလေပြီး သည်ကိုအသွယ်သွယ်အဝဝမရှိစေနှင့်၊ အခွန်တော်နှင့်စပ်ဆိုင်သည်ကိုမြို့ဝန်အခွန်ဝန်တို့ကကြည့်ရှု၍အခွန်စာရေး ဘို့က ဆက်မြဲအစဉ်ရှိသည့်အတိုင်း ရွှေဘဝါး တော်မြတ်အောက် ရွှေတိုက်တော်မှာသွင်း စေ။

14 February 1715

သက္ကရာဇ်၁၀၇၆ ခုတပေါင်း လပြည့်ကျော်၉ ရက်နေ့နား ခံသာစည် တမန်ရွှေလွှတ်တော်သို့ပြန်သည်၊

ညောင်ရွှေတပ် ပေါင်း စား ဇာ ပေါင်း စား အဝင်အပါစီး စား ၍ စောင့်နေထမ်း ရွက်ရသည်။

( စမ္ပူဒီပဥဆောင်း ၊ မျက်၉၈ )

24 November 1716

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်။ ရွှေနန်း ဂိုး ငွေခွန်ဝန်မုတ္တမအခွန်ဝန် တောင်ငူအခွန်ဝန် တို့မှာ ဘေား လောင်း တော်ဘိုး လောင်း တော်ခမည်း တော်တို့လက်ထက် တော်အစဉ်ရှိသည်အတိုင်း ၊ အခွန် တော်ကိုဆက်သွင်း စေ၊ တောင်ငူမုတ္တမမှာအခွန်ဝန် ခန့်ထား ၍ ရှိလေပြီး သည့်အခွန်ဝန်တို့က နှိုး ဆော်၍ဆက်သွင်း စေ၊ ငွေခွန်မှာ အထက်မင်း ဧကရာဇ်တို့လက်ထက် တော်က နှိုး ဆော်စီရင်ရသည့်အတိုင်း အခွန် တော် ကိုဆက်သွင်း စေ၊ အခွန်ဝန်တို့ကသာ စီရင်အုပ်ချုပ်ထမ်း ရွက်စေ၊ ဝန်တို့က ငွေခွန် ဝန် တောင်ငူမုတ္တမအခွန်ဝန်တို့ကိုပြန်။

24 November 1716

သက္ကရာဇ် ၁၀၇၇ ခုနတ်တော်လဆန်း ၁၀ ရက် နေ့နားခံ ဇေယတမန် ပြန်။

တောင်ငူကရင်မျိုး ဟဲဇံ ကျော်နှင့်ဟဲကမန်ပိုက်တို့၏ တောင်ငူနယ်မှ ငွေခွန် တော် 1724
ခွန် သေဆက်ရပုံ ၁၀၈၆ ခုစစ်တမ်း ထွက်ချက်ကိုပူး တွဲဖေါ်ပြပါသည်။
ကရင်မျိုး ၊ ဟဲ ဇံ ကျော်၊ နံ၊ ကြာသပ တေး ၊ အသက် ၆၆ ဟဲကမန်ပိုက်ကရင်မျိုး နံ စ နေအသက်၇၅သူတို့ကိုနယ် သေပယ် သေဦး ရေစာရင်း အတိုင်း ထမ်း ရသည်၊ သိန်း ခံဆက်သွင်း သည့်ကါလ၊ အကဲး အပိုထမ်း စား ၊ ရေး စား ကျပြင်တနှစ်ကို၁၆အခွန် မ၂၀၊ ပန်း သစ်သီး တောစိမ်း ၊ မြက်မည်း ခုတ်လုပ်တီထွင်သမျှအဖွတ်အခြောက် အဘို့တော်အခွန် တော်ကို၊ ငွေခွန် တော်သား ငရှမ်း လုံငရှမ်း သည်တို့ကိုခန့်၍ ဆက်စေသည့်စာတမ်း ၊ ပယ်သေဦး ရေစာရင်း ၁၀၀ ဝိတ ထောင်၊ အခွန် တော် ငွေ ၇၅ ဝိ။ ဆက်သွင်း ဂိုး ကရင် ၁၂၊ သွေး သောက်၄င်း ၊ ခေါင်း တို့မှာခံ၍၊ ဘောင်ငူ ရွှေနန်း မင်္ဂလာ ငွေခွန် ဘောင်ကိုဆက်ပါရသည်။

(*စမျှဒီပဥ ဆောင်း* ၊ မျက် ၈၂-၃၊ *အုပ်ချုပ်ပုံ*၊ စ၊ ၁၃၇၆၊ ပိုဒ် ၅၂၈/၄၊ စါ၂၈၇)

ဘုံသာတုလွတ်ဆရာတော်ကသွင်းသည့် မေတ္တာစာတွင် ဝေဠုဝန်ကျောင်း တော်
ဒါယကာသည် ငါး ထပ်ရုပ်ထုတော်ကြီးကို                    တည်တော်မူရာတွင် ငမူ
ခမ်း မယား စိုင်တွယ်၊ ငဘယ် ကျော်မယား ဇံပုံတို့နှင့်အဝင်အပါလူဦး ရေ ၁၀၀
ကျော်ယွန်း စုသား တို့ကိုသင်ပုတ်တော်ကပ်အလှူတော်အသိမ်း အဆည်း ခန့်ထား ၍
ကာလအရှည်ရှိသည်၊ ယခုမှာအရှင်တခြား ရှိသည်အစုချုပ်အစုကိုင်ရှိသည်ဆို၍ ကျောင်း
တော်တွင်အစောင့်အနေ နေသည့်မရှိ၍ ရုပ်ထုတော်တွင်ကိုယ်တော် ရွှေ ကျောင်း
တော် ရွှေများ ကိုခိုး သူတို့ကယူ၍ မရှုသာမတင့်တယ်ရှိသည့်အကြောင်း ကိုသွင်း သည်၊
ဘေး တော်ငါး ထပ် ဝေဠုဝန်ဒါယကာလက်ထက်ငါး ထပ်ဘုရား ကိုတည်တော်မူရာ
တွင်သင်ပုတ်တော်ကပ်အလှူတော်အသိမ်း အဆည်း ငမူခမ်း မယား စိုင်တွယ်၊ ငဘယ်
ကျော်မယား ဇံပုံတို့နှင့်လူဦး ရေ ၁၀၀ ကျော်တို့သည်အရှင်ရှိသည်အစုချုပ်အစုကိုင်
ရှိသည်ဆို၍ဘုရား မှာအစောင့်အရှောက်မရှိ၍ ခိုး သူတို့သည်ကိုယ်တော် ရွှေ ကျောင်း
တော် ရွှေတို့ကိုတိုက်ယူ၍ မရှုသာမတင့်တယ်ရှိပါသည်၊ သင်ပုတ်တော်ကပ်အလှူတော်သိမ်း
မြဲငမူခမ်း လင်မယား ၊ ငဘယ်ကျော်လင်မယား တို့ကိုဝန်တို့ မေး မြန်း စစ်ကြော
၍မှန်လျှင်ငါး ထပ် ဝေဠုဝန်ကျောင်း မှာ စောင့်မြဲ စောင့် စေ၊ ဘုံသာတုလွှတ်
ကျောင်း ဆရာတော်သင်္ဃာစစ်သည့်စာရင်း ကိုအပ်ရသည်။

20 June 1718

သက္ကရာဇ် ၁၀၈၀ ပြည့် ဝါဆိုလဆန်း ၅ ရက် ၆ နေ့ နား ခံ ပြောကြီး မှူး ပြန်။

(သုတေသီစါစု၊ ဝက်မစွတ် စါစု)

14 May 1720

ဘုံသာတုလွတ် ကျောင်း ဆရာတော်နှင့်ထူပါရုံ စေတီငတ်သိမ်း တို့စကား မှာဝိနည်း 11 February 1654
မိုရ်ဇိနစက္ကပါလဆရာတော် ကောက်ယူသည့်စာတမ်း တွင်သက္ကရာဇ် ၁၀၁၅ ခုတ
ပေါင်း လဆန်း ၆ ရက် ဝ နေ့ငါး ထပ်ဘုရား ဒါယကာ တော်မင်း တရား ဘုံသာတု 1655
လွတ် ကျောင်း ကို ဆောက်သည်၊ သက္ကရာဇ် ၁၀၁၇ ခုသဒ္ဒမမ္မသီရိပုဂ္ဂိုလ် တော်မြတ်
အား ဒါဋ္ဌာနါဂ ရာဇဂုရုသံတံဆိပ် တော်အပ်၍ ကျောင်း တော်ကိုတင်လှူသောအခါ
ယန်းရဝထ ညောင်ရဝဝပြင်ပတ်ဝန်းမြစ်ဆိပ်တ လျှော် မြေဘက်ကုဋ္ဌိရွာထားယွန်း စု
အဲမွန်ကွန်သဲ့ငစံ၊ ပထွေး ငသုတ်တာတို့နှင့်လူဦး ရေ ၂၀ ပေါင်းများ ကိုအရံ တော်
စောင့် ရွှေ ဘုရား နှင့် ရေစက် တော်သွန်း ချ၍လှူတော်မူသည်၊ စာ ဟောင်း 1444
လက်စွဲတင်ပြသည်။ထူပါရုံ စေတီ တော် ဝတ်သိမ်း တို့ကလည်း သက္ကရာဇ် ၈၀၆ ခုထူပါရုံ
စေတီ တော်ကိုတည်ရာတွင်အ ရှေ့သံလျက်ဦး၊ တော်ငမြစ် ငယ် ကျောတချမ်း ၊ အနောက်
မိချောင်း တက် ချောင်း ၊ မြောက်စကြို ချောင်း ကျဟူ၍ ကျောက်စာထွက်နယ်အပိုင်း
အခြား ကိုပြသည့်အတိုင်း မိကျောင်း တက် ချောင်း ကိုစာတမ်း စာဟောင်း ကိုကြည့်
ရာတွင်နန္ဒဝန်ဥယျာဉ် တော်အနောက် တောင် ထောင့်က ရေဝင်သည့် ချောင်း
ဂိုး တောင်သို့သွား ၍ နတ်စက် ရောင်ဒိုင်း စုသား တို့ နေသည့်အကွက်သို့ ရွာလယ်ကို
(ဖြတ်လျက်) အိမ်ရှေ့ တော်ပါဝိန္ဒဲ့ဥယျာဉ် တော်ကို ဘောက်၍ ဧရာဝတီမြစ်သို့ ချောင်း
ဂိုး ဆင်း သည့်အတိုင်း အရှေ့ဘက်ထူပါရုံ စေတီဝတ္တကံသိမ်း တို့ကပိုင် စေ၊ ရစေ၊ ဘုံ
သာတုလွတ် ကျောင်း ဆရာ တော်မှာ မြေကိုလှူ တော်မူသည်မဟုတ်ပြင်ပတ်ဝန်း မြစ်
ဆိပ်တ လျှောက်ကိုသာလှူ တော်မူသည်၊ မြောက်ဘက်ကုဋ္ဌိရွာကို မြေနှင့်တကွလှူ တော်မူ
သည်၊ ဆိပ်တ လျှောက်မှာအ ပေါ် ဝန်ကိုဆရာ တော်က ရစေ၊ပိုင် စေ၊ မြောက်ကုဋ္ဌိ
ရွာမှာရွာနှင့်လူအဲမွန်ကွန်သဲငစံ၊ ပထွေး ငသုတ်တာတို့နှင့် ပေါင်း ဦး ရေ ၂၀၊
စား ကွက်စား ကျင်း သစ် တောအင်းလယ်ယာ မြေတို့ကိုရ စေ၊ပိုင် စေ၊ စာ ဟောင်း
စာတမ်း ရှိ လေပြီး သည်၊ အထူး မစီရင်သာ၊ ဝိနည်း မိုရ်ဆရာ တော်စီရင် ကောက်
ယူသည့်အတိုင်း တည်၍ပြီး ပြတ် စေရမည်၊ သင့်ပြီ၊ ဝန်တို့စီရင်။

14 May 1720

သက္ကရာဇ် ၁၀၈၂ ခုနယုန်လပြည့် ကျော် ၅ ရက် ဝ နေ့နား ခံ ပြော့ကြီး မှူး ပြန်။

(သုတေသီစါစု၊ ဝက်မစွတ် စါစု)

အညာသီဟတော ဝတ်သိမ်း နှင့်သာသနာစိုး တို့သည် ဝတ္ထုကံ မြေ ကြောင်း ဝိနည်း
မိုရ်ဆရာတော် ရှေ့သို့ ကြသည့်စကား မှာဆရာတော် ကောက်ယူသည့်အရာတွင်
သီဟတော ဝတ်သိမ်း ကနယ်အပိုင်း အခြား ကိုပြစေ၊ စာတန်း ထား သည့်အတိုင်း
ဝတ်သိမ်း ပြသည့်နယ်သည်ကား ဘုရား ရင်း ကအနောက်ဘက်သို့လား သော် ပိုက်
ထောင်ကြီး ၊ ၎င်း ကတောင်သို့လား သော် ပိုက်ထောင်ငယ်၊ ၎င်း ကတောင်
သို့လား သော်မြစ်မနား ကျောက်ဆောင်၊ ၎င်း ကအနောက်သို့လား သော်သိမ်
ကျောက်တိုင်၊ ၎င်း ကအနောက်သို့လား သော်နွား ကူး ဆိပ်၊ ၎င်း ကတောင်
သို့လား သော်ကန့်လန့် တောင်ဆီး ၊ ၎င်း ကအရှေ့ တောင်သို့လား သော်နဂါး
သူငယ်၊ ၎င်း ကလား သော်ဝဲမချောင်း အနောက်ကို ကျောက်တိုင်၊ ၎င်း က
တောင်ကိုလား သော်ကြီး မင်း တရား၊၎င်း ကလား သော် ရှား တိုင်သေ
ရှား တိုင်ရှင်၊ ၎င်း ကအနောက်သို့ပါးသော် ပေါက်အိုင် ရှေ့တန်ဆာဘုရား ရှင်
မြေနှင့်ကျောနိုင်း ၊ ၎င်း ကမြောက်သို့လား သော် ချောင်း လောင်းပင် အောက်
ကျောက်တိုင်၊ ၎င်း ကလား သော်လှည်း ပွဲစခန်း ပျက်၊ ၎င်း ကအရှေ့သို့လား
သော်တိန်း ညှက်လျှို၊ ၎င်း ကအရှေ့သို့လား သော် ချောင်း ငယ် ကျောက်ဖျာ၊
၎င်း ကအရှေ့သို့လား သော်မြစ်နား ကျောက်မည်း ၊ ၎င်း ကမြစ်အရှေ့ဘက်
ပန်း ဘဲရွာအရှေ့သို့လား သော်အင်တိုက်သာ ကျောက်တိုင်၊ ၎င်း ကလား သော်
ကျောက်ပုတီး ၊ ၎င်း ကလား သော် ကျောက်ကွဲ၊ ၎င်း ကအနောက် တောင်သို့
လား သော် ကျောက်စုပန်း တင်၊ ၎င်း ကတောင်သို့လား သော် ညောင်ပင်
စည်ကြီး ဆွဲ၊ ၎င်း ကလား သော်ရှမ်း သံတောင်၊ ရှင်လယ်လက်ကြပ်၊ ၎င်း က
တောင်သို့လား သော် ကျွန်း ကြီး ငါး ပင် တောင်လယ်ပြင်၊ ၎င်း ကအနောက်
သို့လား သော် ချောင်း ကောက် ကောက်စင်း စင်း ၊ ၎င်း ကလား သော်ဧရာ
ဝတီအင်ကတီသူကြွယ်လုပ်နက်က မြောက်သို့လား သော် လေး တာ တောင်၊ ၎င်း က
အရှေ့သို့လား သော်နွယ်တန်း ကြီး နွယ်တန်း ငယ် မြေရိုး ကုန်း ကောင်ကို ထောက်
မချောင်း ၊ ၎င်း ကအရှေ့သို့လား သော်ဧရာဝတီ ကြောဆယ် ဖွား ကျင်း မြေ
တိုင်မိချင်း တိုက်နက် မြောက်သို့လား သော်ဗိတ်သွယ်ဝ၊ အရှေ့သို့လား သော်အင်
ပင်ကြီး တောမင်း လမ်း တောင် ရေဖြူချောင်း တရုပ်တရုက်အနောက် ကျောက်

၃တိုင်အနောက်စည်သူ မြောင်း ပေါင်၊ အနောက် မြောက် ထောင့်ရေဝင် ရေကျကန် ပေါက်ရွာ သန်သူကြီး တိုင်နက် မြောက်ကိုကျည် တောင် ကျောက်တိုင်၊ ရွေး ကျောက်ကုန်း ကျောက်ဖျာ တောင်ကိုဝသဲ ချောင်း အနောက်ကုန်း တန်း စည်သာ ရှင်မကန် နတ်ကြီး အောက် ကျောက်တိုင်၊ စည်သာကန်ဖျား ဆင်ဦး တိုက် လယ်သဖန်း အင်း ဆုံလယ်ကဆင်ထိုး အိုင်အနောက်ဆင်အင်း ဆုံလမ်း ခြား တောင် တမာခါး မြို့ပင်တင်သူကြီး တိုင်နက် သိမ်ကန်သင်ပုတ်လယ်ငစုံ ကြောမ ဟော်သထာ ရေကန် ဆောက်ကန်ဟူ၍သီး သန့်ပိုင်း ခြား ၍ပြုသည်၊ သာသနာ စိုး ကမှာသာ သနာပိုင်အရာနှင့်ဆိုသည်ကို ထောက်လျှင်တူရှင်း တောင် ခြေဦသတင်း သုံး သော ဝိနည်း ဓိုရ်တိသာသနဓရသ မွှောဓိဆရာ တော် ကောက်ယူ ချက်အတိုင်း သီဟ တော ဝတ်သိမ်း ငကြာကရ စေ၊ ပိုင် စေ၊ ဝန်တို့စီရင်။

20 October 1721

သက္ကရာဇ် ၁၀၈၃ ခုတန်ဆောင်မုန်း လဆန်း ၁၂ ရက် နေ့နား ခံ ပြော့ကြီး မှူး ထွင်ပြန်။

( ဝက်မစွတ် စါစု )

ရတနာမုနိစေတီဝတ်သိမ်း ကေတုမဇနှင့်မင်း ရဲကျော်စွာမယား ရွှေပန်း
တော်စား ဆိုကြသည့်စကား မှာဝိနည်း မိုရ်ဇီနစက္ကပါလဆရာတော် ကောက်ယူရာ
တွင် ကေတုမဇကနယ်မှာအရှေ့မီး ချောင်း တက်ချောင်း အရှေ့ဘက်ထူပါရုံ မြေ
နှင့်ကျောနိုင်း ၊ အနောက်သာတွန်း ရွာချောင်း အရှေ့ဖက်၊ တောင်ဇရာ
ဝတီမြစ်ကျောတမြမ်း ၊ မြောက် ညောင်ပင်ကုက္ကာ၊ နယ်လေး ရပ်သတ်၍ပြုသည့်
အတိုင်း စီရင်ကောက်ယူသည်ကို ရွှေပန်း တော်စား ကသဘောမတူကြောင်း နှင့်
မဟာဒါန်ဝန်စာရေး တို့ကရှိခိုး သံတော်ဦး တင်ရာမှာ ရတနာမုနိစေတီတော်
ကိုဒုတိယမင်း ခေါင်တည်သည်၊ မင်း ဇေကရာဇ်ကောင်း မှုတော်ဖြစ်၍ နယ်လေး
ရပ်နှင့်လှူတော်မူလေပြီး သည်၊ ရွှေပန်း တော်စား စေါဗညား ကျန်း တော
ကိုဘေး ဘော်ငါး ထပ် ဒါယကာသည်သိမ်သမုတ်ရာတွင် နယ်သတ်၍ ပေး သည်ဆို၏၊
နယ်အပိုင်း အခြား ကား သိသာအောင်သတ်၍ ပေး သနား တော်မူသည်မဟုတ်ချေ၊
သိမ်သမုတ်ရုံမျှ ပေး တော်မူသည့်စာဟောင်း စာတမ်း ကို ရွှေပန်း တော်စား က
ပြစေ၊ မပြမဆိုနိုင် ရတနာမုနိဝတ်သိမ်း ကေတုမဇကရစေ၊ ပိုင်စေ၊ ဝန်တို့စီရင်။

23 February 1722

သက္ကရာဇ် ၁၀၈၃ ခုတပေါင်း လပြည့်ကျော် ၅ ရက် ဖ နေ့နား ခံစမြောင်
မျှး ပြန်။

(သုတေသီစါစု၊ ဝက်မစွတ် စါစု)

ဦး ရိး တော်နေမျိုး စည်သူကိုထမ်း တလဲ၉ဝန်း ပေါင်း သင်း ကျစ်လေး မျက်နှာ
စလွယ်ဝတ်ကြီး ၉သွယ်ကျိုင်း ကြီး ဆင်စွယ်ချက်ပြည့်ကျိုင်း ငယ်ဆင်စွယ်ချက်ပြည့် ဆောင်
ထား မည်သရီအိပ်သွတ်ကွမ်း ခွက်ရှစ်ထောင့်ပယင်း တပ်ပတ္တမြား တရစ်စီ၊ လ
ဘက်အိုး တကောင်း ပိတ်၊ အတွင်း ပတ္တမြား အပြည့်စီ၊ ထွေး အင်ရွှေမိုး ကြိုး ၊
ခြေဆေး အင်လော်ကါး သစ်ကျစ်ပါငှက်ဦး ပဲ့၃၂ ရှေ့နောက်တိုင်ဆိုင်း၊ ခင်တရင်
အမွှန်း ပြောက်ထူမိုး နီ၊ အိမ်ရွှေမာရဘင်ဆီ၊ စကြော လေး ပွင့်မြင်း ကတ္တီပါ
တင်ရန်း စက်ရွှန်း ၃ဆင့်၊ ကတောင်ရွှေပိန်း စက်ပါး ကာလကွင်း ဝမ်း ပတ်
မြီး ဖြန်း ထိပ်ရွှေလောက်ရွက်၊ ရွှေကြီး ရွှေကရွှေကြယ်စီ၊ ရွှေပေခမောက်၊
စည်ဖြူ၅၊ ပုံသာ၊နှဲကြီး ငယ်၃၊ ခရာ၂၊ စည်ပလုတ်လင်း ကွင်း သနား တော်မူသည်။
ဆိုင်ရာတိုက်မှာယူစေ။

6 March 1725

သက္ကရာဇ်၁၀၈၆ခု( နှောင်း )တန်ခူး လဆန်း ၅ရက်နေ့နား ခံ
ပြော့ကြီး မှူး ပြန်။
( ဝက်မစွတ်စါစု )

ဘုံသာတုလွတ်ကျောင်း ဆရာဘော်နှင့်ရတနာမြစည်း ခုံဘုရား ဝတ်သိမ်း တို့ဝတ္တု
ကံမြေ ကြောင်း ဝိနည်း မိုရ်ဆရာတော် ရှေ့ဆိုကြသည့်စကား မှာဝိနည်း လိုနည်း
မလိုစကား နှစ်ပြင်တွင်ဆရာတော် ကောက်ယူသည့်အတိုင်း ဘုံသာတုလွတ်ဆရာတော်
ကနယ်ပြုသည်ကဏ္ဍုရွာကိုပမာနပြု၍အရှေ့စည်သာလျှိုင်တော် မြေနှင့်ကျောနိုင်း ၊
အနောက်ရတနာဗိမာန်ကျောင်း မြေနှင့်ကျောနိုင်း ၊ တောင်ကြောင်သင်း
လေး မြေနှင့်ကျောနိုင်း ၊ မြောက်ရတနာမြစည်း ခုံဝတ် မြေနှင့်ကျောနိုင်း
ဟူ၍ပြု မြေသည်၊ ရတနာမြစည်း ခုံ စေတီဝတ်သိမ်း ကပြုဆိုချက်မှာပြီးပြီသသမရှိ၊
သဘောသက်မကျမရောက်၊ ထူပါရုံသာသနာပိုင်စာတမ်း နှင့်သာပေါင်း ရှက်ဆို
သည်၊ ကဏ္ဍုရွာကို ဘေးတော်ငါး ထပ်ဒါယကာမင်းတရား ဘုံသာတုလွတ်ကျောင်း
တော်ကိုတင်လှူတော်မူ သောအခါ ရွှေကရား နှင့် ရေစင်တော်ချ၍လှူတော်မူသည်
ဖြစ်သည်၊ ကဏ္ဍုရွာနယ် လေး ရပ်ပြုသည့်အတိုင်း ဘုံသာတုလွတ်ကျောင်း ဆရာတော်
ကရစေ၊ ပိုင်စေ၊ ဝန်တို့စီရင်။

29 January 1726

သက္ကရာဇ် ၁၀၈၇ ခု တပေါင်းလဆန်း ၁၀ ရက် ၀ နေ့နား ခံစ မြောင်
မျှားကြီး ပြန်။

(သုတေသီစာစု၊ ဝက်မစွတ် စာစု)

သဒ္ဓါသတိဟိရိဩတ္တပ္ပစသောဩတ္တတ္တာဗုဒ္ဓါနုဿတိဒသဓမ္မာအပရိဟာရိယတရားတို့နှင့်လျော်စွာခဝ်သိမ်းသောရတနာမျိုးရောက်၍ရန်မာန်အပေါင်းတို့ကိုအောင်စေသောဟုမှန်စီကျောင်းဆရာတော်မေတ္တာစာသွင်းသည်တရားမင်းမြတ်၊ ဆရာတော်ပေါက်ဘော်ဆွေသားမျိုးသားတို့သည်အရပ်ရပ်မြို့ရွာများမှာကွဲပြားရှိသည်ဦး ရေ၃၀ကျော်တို့ကိုအသည်မှနှုတ်၍ရွှေဘိဆက်၍သီးခြားထမ်းရွက်ပါရမည့်အကြောင်းကိုသွင်းပါသည်စာတွင်ပါသည့်ဆရာတော်ပေါက်ဘော်တို့နှင့်ရင်းချာနီးစပ်သည့်ဆွေသားမျိုးသား၃ရယောက်တို့မှာတိုင်စာရင်းသွင်းဘက်ခင်ဘော်လည်းအသည်စုမှာနှုတ်ရမည့်၃၀ကျော်စာရင်းပါသူတို့မှာတိုင်စာရင်းသွင်းဘက်ရှိသည့်အတိုင်းအစုရှင်မှာထမ်းရွက်စေ။

28 May 1727

သက္ကရာဇ် ၁၀၈၉ ခုနယုန်လပြည့်ကျော်၅ရက်နေ့နား ခစမြောင်မှူးပြန်။

(သုတေသီစိစု)

ဘုရား ကျွန်တော်တို့ ရွှေဘဝါးတော် အောက်၌ ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ၊
တံတား ဦး မှန်စီဆရာတော်ရှိစဉ်က ရှေ့မှာသွဲ့ဘက်သည့် ရွှေသော်ဆက်သူတို့မှာဦး
ရေ၃၀စာရင်း ရှိသည့်အတိုင်း ရှေ့မှာထမ်း ရွက်မြဲထမ်း ရွက်ပါသည်ကိုအရပ်ရပ်
မြို့သူကြီး ပြည်စိုး ဒိုင်း ခေါင်း တို့ခေါ်ချွချုပ်တောင်း ၍ ရှိပြန်ရသည်၊ ရွှေသော်က 1725
တိုး ၍ ၂၈ ဆက်သူတို့ကိုအထက်၁၀၈ ရခုပြန်သည့်အမိန့်တော်ရင်း အတိုင်း ရှေ့မှာ
ထမ်း ရွက်မြဲထမ်း ရွက်ရပါမည့်အကြောင်း ကိုရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ။
မှန်စီဆရာတော် ဆွေသား မျိုး သား တို့ကိုဆရာတော်ရှိစဉ်ကပင်အသည်စာရင်း
မှ နှုတ်တော်မူ၍ ရွှေဆက် ရွှေလွှတ်သို့ပြန်၍ ရှိ လေပြီး သည့် ရွှေဆက်သွင်း သူတို့ကိုအရပ်
ရပ်မြို့ရွာသူကြီး တို့ကပြည်စိုး ဒိုင်း ခေါင်း တို့ကမခေါ်သာ ရွှေဆက်မြဲဆက်သွင်း စေ၊
တိုင်စာရင်း ဘွဲ့ဘက်ခင် လေပြီး သည့်ဆရာတော် ဆွေသား မျိုး သား တို့မှာသည်က
နှုတ်သာမည်မဟုတ်၊ အသည်အစုမှာထမ်း ရွက်မြဲထမ်း ရွက် စေ။ 28 May 1727

သက္ကရာဇ် ၁၀၈၉ ခုနယုန်လပြည့်ကျော် ၅ ရက်၁နေ့ နာခံစမြောင်
မှူး ပြန်။

(သုတေသီစါစု၊ ဝက်မစွတ် စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
အမိန့်တော်ရှိသည်။ ကျွန်တော်မျိုး အပေါင်း ဝန်စုသား မြို့ဝ်ရွာအသည်အလာတိုဝ်
သေ၍အမွေခံသား ရင်း သမီး ရင်း ဟူ၍ စစ်ကြောသိမ်း ခံသည်ကိုဝ်အမွေခံသား
ရင်း သမီး ရင်း မြေးရင်း မရှိလျှင်သား ခြင်း အစ်ကိုဝ်ညီနှမမမင်း သမီး မင်း
သား တိုဝ်ရှိသော်လည်း စည်း စိမ်ဥစ္စာ ရွှေ ငွေ ၁၀၀ အများ အပြား ရှိလျှင်စစ်
ကြော၍လွှတ်တော်မှာအစီရင်ခံစေ၊ စည်း စိမ်ဥစ္စာလူသူအများ မရှိလယ်ယာ
ကျွန်ကျွဲနွား မျှသာရှိလျှင်လွှတ်တော်မှာအစီရင်ခံစေ၊ သေသူထွင်အမွေခံသား
ရင်း မြေး ရင်း မရှိသော်လည်း သား ခြင်း အဝ်ကိုဝ်ညီနှမတူမမင်း သမီး မင်း
သား ရကောင်း ရသင့်သသူတိုဝ်ကိုဝ်အလျောက် ဝေယူပစေ၊ အခြင်း အရာမများ
တရား တဘောင်မဖြစ်သည်ကိုဝ်ဝန်ရှင်မြို့ဝ်စား ရွာစား တိုဝ်သည်မစစ်မကြော
နှင့်အမိန့်တော်ရှိသည်။ ထိုဝ်အမိန့်တော်ရှိသည့်အတိုင်း တည်အောင်စီရင်၊ သေသသူ
တို့အမွေခံသား ရင်း မြေး ရင်း မရှိ၊ ဥစ္စာပရိက္ခရာ ကျေး ကျွန်လူသူအများ ရှိ
လျှက်ဝန်တိုဝ်ကိုဝ်အစီရင်မခံဆိုသင့်သသူတို့ ထွင်သာစစ်ကြောသည်၊ ဥစ္စာပရိက္ခရာ
ကျေး ကျွန်လူသူအနည်း ငယ်မျှသာရှိ၍သား ချင်း ဆွေမျိုဝ်တိုဝ်သင့်သသူတိုဝ်သည်အ
လျောက်အမွေခံရမည် အရာဖြစ်လျှက်ကိုဝ်လည်း မြို့ဝ်ကိုင်ရွာကိုင် ရှေ့တည်ခေါင်း
ရဝ်ပြုသသူတိုဝ်သည်ရွဲ့ထွင် မွှေနှောက်၍ဝန်စုရှင်တိုဝ်ကိုဝ်ဆိုဝ်လျှင်အမိန့်တော်ရှိ
ခြေပြီး သည်မကောက်မယူသာဆိုဝ်၍ နေရမည့်အရာသာဖြစ်သည်ကိုဝ်ဝန်စုရှင်မြို့ဝ်
စား ရွာစား တိုဝ်သည်လက်ဆောင်ပန္နာအများ ခံ၍စစ်ကြောသည်၊ အကောက်
အစား ယူသည် ရှေး ဂိုး ရှေး ကတည်း ကပြုနေသာသူတိုဝ်ကိုဝ်လည်း ပေး ကမ်း ရသည့်
လက်ဆောင်ပန္နာ ပေး ကမ်းရသည့်နှင့်အရဝ်ရဝ် ကြေး ငွေအကုန်အကြများ ၍အ
မွေခံရသသူတိုဝ်သည်စိုး စည်သာရသသူလည်း ရသည်မရသသူလည်း မရအရင်း ပင်
စိုက်ပြုန်ရသည်ဟူ၍ကြား တော်မူသည်၊ ငါအမိန့်တော်ရှိ ကြောင်း ကိုလည်း ကျွန်တော်
မျိုဝ်ဆင်း ရဲသား တိုဝ်အမွေအနှစ်ဖြစ်သည်ကိုဝ် ထောက်ရှု တော်မူသည်၊ ငါ့အမိန့်
တော်ရှိသည်ကိုဝ်အမိန့်တော်အတိုင်း မစီရင်၊ ဆင်း ရဲသား တိုဝ် ကြေး ငွေလက်
ဆောင်ပန္နာကိုဝ်ခံ၍အရှည်အကြာစစ်ကြောသည့်အရာသည်သိနိုင်မြင်နိုင်မည် လေ၊
အကြောင်း ကိုဝ်ရည်၍အမှု တော်ထမ်း ဆင်း ရဲသား ကျွန်တော်မျိုဝ်တိုဝ်ကိုဝ်ရိပ္ပတ်

အောင်ချဲ့ထွင်မွေနှောင့်၍ စစ်ကြော ကောက်ယူကြသည်၊ နောင်သည်ကဲ့သို့ဝ်မြို့ဝ်ရွာ အသည်ဝန်စုသား တိုဝ်ကိုဝ် သေ၍အမွေခံသား ရင်း မြေး ရင်း မရှိဥစ္စာပရိက္ခရာအများ ရှိလျှက်လွှတ်တော်မှာအစီရင်မခံ နေသော်ဥစ္စာပရိက္ခရာ ကျေးကျွန်အနည်းသာဖြစ်၍သား ချင်း ဆွေမျိုးဝ်အမွေခံ ကောင်း ခံသင့်သူတိုဝ်သည်တရား တဘောင်မဖြစ်အလျောက် ဝေယူကြသည်ကိုဝ်ဝန်စုရှင်မြို့ဝ်စား ရွာစား တိုဝ်သည်ချဲ့ထွင်မွေနှောက်၍ဆိုဝ်သည့်စကား ကိုဝ်လက်ဆောင်ပန္နာအများ ခံ၍ စစ်ကြော ကောက်ယူစား သော်ကြီး စွာ သောအကွပ် တော်ကိုဝ်ခံရလိမ့်မည်၊ ။ ဝန်စုတိုဝ်မှစ၍ဝန်စုရှင်မြို့ဝ်စား ရွာစား အမှုး အကြီး တိုဝ်တွင်တရား စကား ကိုဝ်စီရင်သည်များမှာသူကိုဝ်အသေသတ်၍ လျော်ကောင် လျော်သင့်သည်တရား နှုတ်လွန်ခွန်းလွန် ခေါင်းကွဲနံ့ပေါက်သတ်ကြရာတွင်အချင်း များ သည်စကား၊ သူအိမ်သူရာကိုဝ်မှား သည်စကား၊ ဥစ္စာ ရွှေငွေကိုဝ်ခိုဝ်ယူသည့်စကား၊ သည်တရား တိုဝ်ကိုဝ်ဘက်၍ မဆိုဝ် စေနှင့်၊ မမွှသတ်တွင်ထွက်သည်ကိုဝ်အမှုသည်တိုဝ်သည်ဆိုလိုဝ်သည်ဟူ၍ ချည်းရောက်လှာ သော်လည်း ဆက်၍ မဆိုဝ် စေနှင့်၊ မစီရင်နှင့်၊ ပျောက်စေ။ ။

သူဥစ္စာကိုဝ်လုယူရာတွင်အခြင်း ဖြစ်သည့်စကား၊ အမွေစကား၊ ကျောင်း သံဃိတမိုး မြေစကား၊ ကျွန်ရိုး စကား၊ သည်စကား တိုဝ်ကိုဝ်ဆိုရာသည်ဟူ၍ ဓမ္မသတ်ထွင်ထွက်သည့်အတိုင်း ကျေး မြို့အမွေ ကျောင်း သံဃိကမိုး မြေကျွန်ရိုး အစည်အရိုး မြေမှုစိုး မှုနှင့်ဆိုဝ်သည့်စကား ကိုဝ်လည်း တဖက်သား သည်ဆိုလိုလျှက်လွှတ်ခြင် ပျောက်ခြင်သသူတိုဝ်သည် သွေဖီနေသော်လည်း အဆိုဝ်အညီစစ်ကြော၍ မှန်ကန်သည်အလျောက်ကိုဝ်လက်ဘက်ကွမ်း စစ်မရှည်ကြာရ အောင်စစ်ကြော စီရင်သက် သေအမှုသည်တိုဝ်ကိုဝ်အခေါ်အချသွား ၍ ခြေစစ်လာဝတ်ပေး ရသည်များ မှာလည်း ဒြိုး အင်မတန်ဝေးရလေလျှင်ဆင်း ငွဲသမှုမတတ်နိုင်လေရာတွင်သည်ကိုဝ်ထောက်ရှုတော်မူ၍တတိုင်၂တိုင်ခရီး ကိုဝ်တဘက်သာ၊ ၃တိုင်၄တိုင်၅တိုင် နေ့ခြင်း ခရီး ကိုဝ်၃သာ၊ တညည့်အိဝ်ခရီး ကိုဝ်၄သာ၊ ၂ရက်ခရီး ကိုဝ်၆သာ ပေး ပံ့စေသည်ကိုဝ် ထောက်၍ ဝေးလျှင်ဝေး လျောက်နီး လျောက်ဆီဆိုင်ရုံသာ ပေး စေ၊ ခရီး ခတင်း ခဲခက်သော်မူကား ၂တိုင်ကျော်၃တိုင်တညည့်အိဝ်ခရီး ဟူ၍ မဆိုဝ်သာ၊၅သာ၆သာ ပေး ပံ့စေ၊ ပုံစံရေး ခင်း ရှိလျှင်၂တိုင်ကျော်၃တိုင်တညည့်အိဝ်ခရီး ဟူ၍ မဆိုဝ်သာ၊ ရေး သား

မည့် နေ့ရက်ကိုဝ် ထောက်၍ ကြေး ၇၊ ၈၊ ၉၊ ၁၀၊ ၁၅၊ ၂၅ တန်သည် ပေး စေ၊ ယူ စေ၊ အမှုသည်တိုဝ်ကိုဝ် ခေါ် ချ လျှင်လည်း ခေါ် စေသူတိုဝ်ကိုဝ် ပါအောင် ခေါ် ချ စေ၊ အမှုသည်တိုဝ်သည် မပါဟူ၍ ထဝ်၍ ခေါ် ချပြန်ရလျှင် ကြေး ငွေထဝ်၍ မပေး စေနှင့်၊ တခြား ကိုဝ် ပြောင်း၍ ခေါ် ချစေလျှင် အလျင်ပံ့သည့် ကြေး ကိုဝ်ထုတ်၍ နောက် ချသသူကိုဝ် ပေး စေ၊ အမှုသည်တိုဝ်က တခြား မပံ့ စေနှင့်၊ အမှုသည်တိုဝ်နှင့်သည် မည် သည့် နေ့ရက်ကိုဝ် လာမည်ဆိုဝ်၍ မလာ သော ကြောင့် ထဝ်၍ ခေါ် ချပြန်ရလျှင် အမှုသည် နှစ်ဘက်က ခြေစပ်က ကြေး ကိုတဝက်စီ ပေး ပံ့ စေ၊ သက် သေတိုဝ်သည် ရှောင်လွှဲ ရိုး ဖယ်၍ နေ သော်ဝန်တိုဝ်သိုဝ် အစီရင်ခံ စေ၊ အမှုသည်တိုဝ် ခြေစပ် အပံ့ ပေး ရသည် ကိုလည်း သက် သေက ပေး စေ၊ အမှုသည်တိုဝ်သည် ခေါ် ချသသူလုလင်တိုဝ်ကိုဝ် ကြေး ငွေ ပေး၍ ရိုး မယ် ရှောင်လွှဲ နေလျှင်လည်း ပံ့သည့် ကြေး ကိုဝ် ခေါ် ချသသူတို့က ထုဝ်၍ ပေး စေ၊ ယိုး မယ် နေသည့် အမှုသည်တိုဝ်နှင့် ခေါ် ချသသူတိုဝ်ကိုဝ်လည်း နာကျင်လှ အောင် ကွဝ်၊ လူတ ယောက်ကိုဝ် လေး ငါး ခြောက် ယောက်တဆယ်အုံ့ညီ၍ သတ်ပုတ်သည် အမှုဖြစ် စေ၊ တခြား အမှုဖြစ် စေ ခေါ် ချပါစေလဲဆို၍ အမှုတည်း တရွာတည်း တအိမ်တည်း နေဖြစ် လျှင် ချစ်၊ အခြား တစောင်စီ မပေး နှင့်၊ တစောင်တည်း သာ ပေး၍ ခေါ် ချစေ ဟူ၍ ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ခမည်း တော်ဘဝရှင်မင်း တရား ကြီး သည်ဆင်း ရဲသမှုကိုဝ် ထောက်ရှု တော်မူ၍ အမိန့် တော်ရှိသည် ဖြစ် သော ကြောင့် အမိန့် တော်ရှိသည့် အတိုင်း တည် အောင် စီရင်၊ အမိန့် တော်ရှိသည့် အတိုင်း မတည် သော် မှုကား ဝန်စုရှင်မြို့စား ရွာစား တို့သည် ကြီး စွာ သော အကွပ် တော်ကိုခံ ရလိမ့်မည်။

28 April 1728

သက္ကရာဇ် ၁၀၉၀ ခု နယုန်လဆန်း ၂ ရက် ၃ နေ့ အမိန့် တော်။

( မျိုး ကြည့် ၉၈ - ၁၇၁ - ၇ ပေ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား
အမိန့် တော်ရှိသည်။ ကျွန် တော်မျိုး အပေါင်း တို့ကိုဝန်အချုပ်အကိုင်ခန့် တော်မူ၍
စီရင်ရသည့်ဝန်စုတို့မှာခမည်း တော်ဘဝရှင်မင်း တရား ကြီး လက်ထက် တော်
တောင်တံခါး မှစ၍အစုကြမ်း တို့ကိုရှင်ပဉ္စင်း မခံစေနှင့်၊ရှင်ပဉ္စင်း ဖြစ်ခဲ့လေ
ပြီး သည်ကိုမဆိုသာ၊သွေး သောက်စုမှစ၍မြင်း တော်သည်တို့နှင့်သင့်၍ မွေး မြင်
သည့်သား သမီး တို့ကိုအမိပါအဘပါဖြစ်စေ၊ယခုစာရင်း တော်ဝင်ပြီး သည့် နောက်
သည်အစုသား တို့နှင့်အတင် တော်ကိုင်ကစ၍ ဆေး သမား မန္တန်သမား တို့နှင့်သင့်
၍ မွေး မြင်သည့်သား သမီး သည်အစုသား တို့နှင့်ဝင်း တော်သား မှစ၍ဘဏ္ဍာ
အသည်တို့နှင့်သင့်၍ မွေး မြင်သည့်သား သမီး တို့ကိုအကြောင်း အလတ်အညှိ့ဟူ၍ ဧကရာဇ်
မင်း မြတ်အဆက်ဆက်ပိုင်း ခြား တော်မူလျက်မစောင့်မစီး ကြသည်ကိုရည်၍အမိပါ
အဘပါမဆိုသာ၊ညှိ့ရာအစုသို့သာပါစေ၊ အကြမ်း စုနှင့်သင့်သမျှကိုလည်း အကြမ်း စုသို့
သာပါစေ၊ သံဃိက ကျောင်း စဉ်လူဘုရား ကျွန်နှင့်သင့်၍ မွေး မြင်သမျှကိုလည်း
၁၀၄၇ ခုစါရင်း တော်ဝင် လေပြီး သည့်စါရင်း တော်ဝင်မဝင် သော်လည်း ဝင်း 1685
ကိုယ်ရံလက်နက်ကိုင်ဖြစ်၍အရှည်အကြာအမှု တော်ကိုထမ်း ရွက် လေပြီး သည်ဖြစ်လျှင်
ထမ်း ခင်သည့်အတိုင်း ထမ်း စေ၊ ၁၀၂၈ ခုအမိန့် တော်ရှိသည် နောက် မွေး မြင် 1666
သမျှကိုမူကား ဘုရား သို့သာပါစေ၊ သွေး သောက်စုမှစ၍ကျွန် တော်မျိုး မိန်း
မတို့နှင့်သူကျွန် ယောကျာ်း နှင့်သင့်၍ မွေး မြင်သည့်သား သမီး တို့ကိုအလွတ်သူ ၂ စု
သူကျွန် ၁ စုရစေ၊ အစုရသည့်ကျွန် တော်မျိုး တို့သား သမီး အစုများ ရာအလွတ်
သူကကျွန်ရှင်ကိုတစုထွက်ရကို ပေး စေ၍အမှု တော်ကိုထမ်း စေ၊ သွေး သောက်စု
မြင်း တော်သည်ဖြစ် သော်မူကား သူကျွန်ဖြစ် လေသသူတို့သည်အရည်တူဖြစ်လျှင်လည်း
သွေး သောက်စုမြင်း စုအဖြစ်ထမ်း စေ၊ အရည်တူအစုမဟုတ် သော်ကား အပေါင်း
အဖက်သား ဆုံပဲ့ စေ၊ သူကျွန် ယောကျာ်း သည်အစုမရှိကျွန်ရိုး ဖြစ်၍ကျွန်၏အစုသင်
ကြေး စုသာမကလူစုသား ယောကျာ်း ကိုရ သော်မူကား အရှင်အဘိုး ကိုယူလိုမှသာ
အဘိုး ကိုပေး ရွေး စေ၊ ကိုယ်ရံ တော်မှစ၍လက်နက်ကိုင်အမှုထမ်း သား ဖြစ် သော်
ကား သူကောင်း ဖြစ်ရမည်မှန်လျှင်တန်ဘိုး ပေး ၍အမှု တော်ကိုထမ်း စေ၊ သွေး
သောက်စုမြင်း တော်သည် သေနတ်လုလင်အသည်ဘဏ္ဍာတို့နှင့်သင့်၍ မွေး မြင်သည့်

သား သမီး တို့မှာ မိဘဆွေမျိုးတတ်ကုံနိုင်၍သူကောင်း ဖြစ်ပေး ရွေး စေ၊ ကျွန်
တော်မျိုး သွေး သောက်စုမှစ၍အစုကြမ်း သား တို့သုကျွန်မိန်း မနှင့်သင့်၍ မွေး
မြင်သည့်သား သမီး တို့မှာ ယောကျ်ား လိုက် ယောကျ်ား ပါမိန်း မလိုက်မိန်း မပါ
ဖြစ်စေ၊ သည်သမီး တို့ သွေး သောက်စုမြင်း တော်သည်တို့အရည်တူသုကျွန်ဖြစ်မှသာ
သား ကို သွေး သောက်စုမြင်း စုအဖြစ်ထမ်း စေ၊ အစုရည်တူမဟုတ် သော်မူကား
အပေါင်း အဖက်အဖြစ်ဆုံပံ့၍ထမ်း ရွက်စေ၊ ။ မြင်း စီး သေ၍မြင်း စီး အရာ
ထမ်း ရွက်မည့်လူမှာလည်း မြင်း စီး ရင်း ညီရှိလျှင်ညီကိုထမ်း စေ၊ ထမ်း သူညီတို့ သေ
မှမြင်း စီး ရင်း အစ်ကိုအကြီး သား ကိုထမ်း စေ၊ မြင်း စီး ရင်း ညီမရှိမှသား
ကိုထမ်း စေ၊ မြင်း တွင်အပေါင်း အဘက်များ ၍စီး ကောင်း စီး သင့်သသူဟူ၍
ကွဲပြား လျှင်မြင်း စီး မင်စိတ်တူသော်လည်း မြင်း ရင်း မှာတစီး သေတစီး ရှင်
ထမ်း နိုင်သည်ဖြစ်မှထမ်း စေ၊ မြင်း စီး ရင်း နှင့်တွဲ၍စီး ထမ်း ကောင်း သသူ
တို့သည်အပေါင်း အဘက်အများ ရှိလျှင်အရှင်ဧကရာဇ်အမှုတော်ကိုမထမ်း လို၍မကွဲ
မပြား နေလျှင်မြင်း စီး ရင်း တွင်တစီး သေတစီး ရှင်တွဲ၍ထမ်း သူတို့မှာလည်း
တစီး သေတစီး ရှင်ထမ်း စေ၊ မြင်း ကသည်နေရာသို့ရောက်သသူမှာထမ်း သင့်
သသူရှိလျှင်အရာကိုထမ်း စေ၊ နေရာသို့ရောက်သသူမှာထမ်း သင့်သသူရှိလျှင်အရာ
ကိုထမ်း စေ၊ နေရာသို့ရောက်သသူတို့သား မြေး တို့သည်မြင်း စုကနုတ်၍ သွေး သောက်
စုသို့ရောက်ပြီး သည်သား တို့မှာအပေါင်း အဖက်မရှိသား ကျွန်ကောင်း ဖြစ်၍
ကျွန်ပေါင်း ဖြစ်မူကား သား မြေး တို့တွင်စါရင်း ရှိစေ၊ သွေး သောက်စုမြင်း
တော်သည်တို့တွင်အဘိုး အဘသား စာရင်း ရှိ၍သား မြေး တို့သည်သုကျေး သုကျွန်
ဖြစ်၍ သော်လည်း ဖြစ်စေ၊ စါရင်း ပေရင်း ကျန်၍ သော်လည်း ဖြစ်စေ၊ စါရင်း
ပေရင်း မရှိသသူတို့သား မြေး သည်အစုရင်း တွင်ထမ်း ပါမည်အစီရင်ခံလျှင်ဘိုး
ဘတို့စါရင်း ရှိသည်မှန်သည်မမှန်သည်စါရင်း ရှိသသူတို့သား မြေး မှန်သည်မမှန်
သည်ကိုသိမီသသူတို့ကိုပြသစေ၍ မေး စစ်၊ စါရင်း ရှိသသူတို့သား မြေး မှန်မှစါရင်း
တွင်ထမ်း စေ၊ အစုကြမ်း သား မိန်း မနှင့်သုကျွန်သင့်၍ မွေး မြင်သမျှကိုအမိသို့သာ
ပါစေ၊ ကျောင်း မှီနှင့်သင့်ရာမှာလည်း ကျောင်း မှီအရည်ကိုထောက်ရှု၍အစု
အရည်တူဖြစ်လျှင်မိန်း မလိုက်မိန်း မပါယောကျ်ား လိုက် ယောကျ်ား ပါဖြစ်စေ၊

သဃ်ီကနှင့် သွေးသောက်စုမှစ၍အသည်ဘဏ္ဍာဆိုင်သင့်၍ မွေးမြင်သည့်သားသမီးတို့ကိုသဃ်ီကသို့သာပါစေ၊ သဃ်ီကကျောင်းကျွန်နှင့်ဘုရားကျွန်သင့်၍ မွေးမြင်သည့်သားသမီးတို့ကိုဘုရားသို့သာပါစေ၊ တစုကသည်တစုဝင်၍မထမ်းစေနှင့်။

1686 ၁၀၄၈ ခုစါရင်းတော်ဝင်၍ထမ်းခင်လေပြီးသည့်သူဝန်စုတို့စီရင်၍ထမ်းခင်လေပြီးသည့်သူတို့ကိုသာထမ်းခင်လေပြီးသည့်အတိုင်းအညံ့ကသည်အလတ်အလတ်ကသည်အသာထမ်းစေ၊ အမိန့်တော်ရှိသည်မှစ၍မထမ်းစေနှင့်၊ သွေးသောက်စုမှစ၍မြင်းသေနတ်လက်နက်ကိုင်ကိုယ်ရံတော်ဒိုင်းဝင်းသူရဲတပ်သားပညာသည်ယောကျ်ားအမှုထမ်းတို့ကိုမင်းသားမင်းသမီးတို့တွင်ကျွန်မဖြစ်စေနှင့်၊မှူးတော်မတ်တော်အမျိုးအကြီးကျေးစါးရွာစါးကျွန်တော်မျိုးတို့တွင်အဘိုးကိုပြောင်းလွဲ၍ပေးစေ၊ အဝေးမြို့မှာခန့်တော်မူ၍ရှိသသူတို့မှာခေါ်တော်မူ၍ရောက်မှပြောင်းလွဲ၍အဘိုးကိုပေးစေ၊ အစုကြမ်းသားအမှုတော်ထမ်းရက်ကန်းမိုင်းတါးသဘင်တော်သည်လှေလှော်စည်တီးမထောင်ချင်တို့ကိုကျွန်မဖြစ်စေနှင့်၊ထုတ်၍ကိုဝ်နေကြေးကိုဝ်ဝန်စါရေးတို့ကဖြည့်ဖြည့်သာသာကျွန်ရှင်တို့ကိုပေးစေ၊ ဧကရာဇ်မင်းမြတ်ကျွန်တော်မျိုးတို့ကိုစေပါစိမ့်မည်ပေးတော်မူသည့်ကျွန်တို့သည်အဘိုးပေးရွေးလျှင်အစုအဝန်းရှိသည့်သူတိုင်းအဘိုးကိုတံဘိုးပေးစေ၊ ပေးတော်မူရင်းကဥစ္စာပရိက္ခရာ၊ အရှင်သို့ရောက်မှဥစ္စာပရိက္ခရာရှိ၍ပေးလျှင်ဥစ္စာပရိက္ခရာကိုသိမ်းဝေပြီးမှတံဘိုးကိုပေးစေ၊ တရှင်ကသည်တရှင်ပြောင်းလျှင်တယောက်နှစ်ယောက်ဘိုးပေးစေ၊ အရှင်သည်နှိပ်စက်ညှင်းပန်း၍အဘိုးပေးလိုလျှင်တံဘိုးတွင်လျှော့ညှံ့ဆင်ခြင်၍ယူစေ၊ပေးတော်မူသည့်လူစုမရှိကျွန်သပေါက်ဖြစ်၍ကိုယ်တွင်ဥစ္စာနှင့်ပေးရွေးသည်ဖြစ်စေသားချင်းဆွေမျိုးတို့တတ်ကုန်နိုင်၍ပေးရသည်ဖြစ်စေမပျော်၍ပြောင်းသည်ဖြစ်စေအဘိုးပေးလိုသော်မပေးစေနှင့်၊အရှင်အဘိုးလိုမှသာပေးရွေးစေ၊ အရှင်ကိုအဘိုးပေး၍သူကောင်းဖြစ်သသူအရှင်လွှတ်၍လွှတ်သသူတို့သည်အစုအငန်းရှိလျှက်အစုအငန်းသို့ဝင်၍မထမ်းကပ်ယပ်၍နေသော်စစ်ကြော၍အစုအငန်းမှန်ရာထမ်းစေ၊ အစုအငန်းမရှိလျှင်ဝန်တို့သို့အပ်စေ၊ တရားစကားရှိလျှင်ဆိုင်ရာဝန်မှာဆိုလျှင်နေ့ရက်မရှည်စေကြောင်းအပ်ံကြေးငွေကိုနေ့ရက်ခရီးကိုထေ၁ံ

၍ မည်မျှမည်၍ ပို့ပေးစေ၊ ပုံစံရေးခန်းဖြစ်စေ၊ ခရီးမထင်ခဲခက်သည်ဖြစ်စေ၊ ကျွန်တော်မျိုးအပေါင်းဆင်းရဲသားတို့ကို စရိတ်ကြေးငွေမကုန်စေကြောင်း လက်ဘက်ထုတ်လက်ဘက်အောင်ဆင်ခြေခရစာရေးစားမင်းစေတို့အစဘကိုမည် သို့သာဖြစ်စေ ခြေမှုရေမှုအရိုးအစဉ်စကားဖြစ်လျှင် ကျောက်စါလက်စွဲရွှေတိုက် တော်အစဉ်စာပေရှိသည့်အတိုင်းသာဖြစ်စေ၊ ခံယူဘူးသည်ဟူ၍ မဆိုစေနှင့်အစဉ် စါပေကျောက်စါလက်စွဲရှိရာစီရင်၊ သူကြီးမြေတိုင်ပွဲတည်မှစ၍အရိုးမှာလည်းအ ရိုးသာဖြစ်စေ၊ အရိုးကိုနှစ်ရိုးမဖြစ်စေနှင့်၊ ဆီဆိုင်နီးသည့်သူတရိုးတည်းစိုးစေ၊ ဖြတ်စေ၊ ကောက်စေ၊ ဖြတ်ရင်းကောက်ရင်းလုသေလျှင်အမွေဥစ္စာကဲ့သို့ သားသ မီးတို့ခွဲဝေ၍အသီးသီးပွါး၍မစါး မကောက်စေနှင့်၊ ဆီဆိုင်နီးသသူကိုသာတယောံ တည်းဖြတ်ကောက်စားစေ၊ မြို့ဝ်နေရွာနေအသည်တို့သည်တမြို့တရွာမှာလုပ်ငန်း ဆောင်တာလုပ်ခိုက်အမှုအခင်းဖြစ်လျှင်လုပ်ငန်းဆောင်တာရှိရာအမှုအခင်း ဖြစ်ရာဆိုစေ၊ ငမြို့ငရွာအသည်အလာဖြစ်မဆိုစေနှင့်၊ အမွေဥစ္စာစကားဖြစ်သော် မူကား နေရင်းမြို့စားရွာမှာဆိုဝ်စေ၊ ကျွန်တော်မျိုးအမှုထမ်းမှစ၍အသည်အ လါသော၍တရားမဖြစ်သားခြင်းတို့အလျောက်ခွဲဝေလျှင်မြို့စားရွာစား ဝန်စါ ရေးတို့ဝ်သည်အရာအတူမကောက်မယူစေနှင့်၊ တရားဖြစ်၍စီရင်မှသာဆီရာစီ ရင်၍ ကောက်စါးစေ၊ အမွေဥစ္စာတွင်လုသာဖြစ်မှလုတယောက်ကျွဲနွားတစုကောက် စေတကျိပ်သာဝမပြည့်သမျှကိုလုတယောက်လျှင် ၃ကျွဲတစုလျှင် ၁ဝ စီသာကောက်စေအမွေ ခံသားရင်းသမီးရင်းမရှိလျှင်မေးမြန်း၍ဝန်တို့ကိုအစီရင်ခံစေ၊ မြို့ရွာသ နား တော်မူ၍မြို့တက်ရွာတက်တောင်းလျှင်အသည်တအိမ်ကိုမည်မျှကိုယ်ရံတော်လက်နက် ကိုင်သူရဲတပ်သားတို့ကိုမည်မျှသွေးသောက်စုမြင်း တော်သည်မှစ၍ ကျောင်းမှီ ဘဏ္ဍာကိုမည်မျှသာခံယူစေ၊ အစုအကွက်ချကိုယ်ရံတော်တို့ကိုမတောင်းမခံမယူစေ နှင့်၊ အစုအကွက်စုတွင်ဝင်နေကပ္ပါးရှိမှဝင်နေကပ္ပါးကိုတောင်းစေ၊ အစုအကွက် ရှိသသူတို့သည်အစုအကွက်တွင်မနေတရပ်တကွက်မှာပြောင်းနေလျှင်အစုကွက်ချမဆို သာ၊ အမိန့်တော်ထမ်းအတိုင်းပေးဆုံပေးပြောင်းသည်၊ အရပ်အိမ်အနီးအစပ် ဖြစ်သော်မူကား ပြောင်း၍နေသည်မဆိုသာ၊ အစုအကွက်ချအပြစ်ထွက်မြဲလွတ်စေ၊ မြို့စားရွာစားတို့အိမ်ခြံတင်းကုတ်မြင်းဆောင်မကောင်း၍ဖြစ်လျှင်တဝက်လုပ်

ပြင်စေ၊ မကောင်း၍အသစ်ဆောက်ရလျှင်မြို့အင်ရွာအင်ကိုထောက်၍ ကောက်စေ၊ အသည်ရင်း မရှိမြို့ငယ်ရွာငယ်သာဖြစ် ဆောက်လုပ်ရမည်အိမ်အင်နှင့်ခတန်အိမ် ခြေနည်း လျှင်မြို့စား ရွာစား တို့ကသုံး စုတစုတန်သည်တဝက်တန်သည်ကူညီစေ၊ အိမ်တွင် တိုက်ကျိုမြို့သား ရွာသား တို့မဆောက်မလုပ်စေနှင့်မြို့ရွာမှာရသည့်အခွန်ကိုမြို့ရွာ မှာသွင်း ထား စရာကျိုဖြစ်မှသာမြို့သား ရွာသား တို့ကိုဆောက်လုပ်စေ၊ ခမည်း တော်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည့်အတိုင်း တည်အောင်စီ ရင်၊ သည်အမိန့်တော်အတိုင်း မတည်ရ။အ ထွေထွေလက်ဆောင်ပန္နာဝင်၍စီရင် ကြောင်း ကိုကြား တော်မူပြန်လျှင်ဝန်စါရေး တို့သည်အပြစ်တော်တင်ကိုခံရလိမ့်မည်။ သည်အတိုင်း ဝန်စါရေး တို့ကိုပြန်၍အမိန့်တော်ကိုရေး ကူး စေ။

8 June 1728

သက္ကရာဇ်၁၀၉၀ပထမဝါဆိုလဆန်း ၁၄ရက်ဖြ နေ့အမိန့်တော်။

( မြို့ကြည့်၉ဂ – ၁ရ၁ – ရ၆ပ )

25 April 1729

သားတော်ပင်းတလဲမင်းသားကိုအိမ်ရှေ့တော်ဝေါကြီးကျိုင်း ရွှေချက်၄၊ ထား လိုက်လုလင်စည်၂၊ စား တော်ကွမ်း ရေကိုင်မှစ၍၊ အိမ်ရှေ့မင်းတို့ဆောင်ရိုး စီး ရိုးသွေါံစုမြင်း စုမှစ၍၊ အိမ်ရှေ့မင်း ဆောင်ရွက်သမျှတို့ကိုသနား တော်မူသည်၊ လှော်ကား ရွှေစက်ကွင်းပြည့်ခင်တယင် ရွှေဖိန်းထွင်စမြီအနီအစွမ်းပြောက်ထု၊ တုရင်တက်အမိုး ရွှေပွင့်ဝမ်းဘဲတောင်ခေါင်အုပ်ခေါင်သန်ကြက်ပေါ်ရွှေဖိန်းအိမ်ရှေ့ဆောင်ဆောင်တော်အစုံသနား တော်မူသည်၊ အိမ်ရှေ့အိမ်တော်မဆောံစေနှင့်၊နေမြဲအိမ်ထွင်ရှေ့နောက်မာရဘင်ဆီး၍ နေနှင့်စေ၊ဝင်း မြင်း ကပ်အတက်ကွပ်ပစ်စီ၊ ပတ်လည်ကောင်ဟန်တန်းနှင့်စောင့်နေစေ၊အထွင်းမြဲမူသား မတ်သားတို့ကိုအိဖ်လှည့် အိတ်ဖန်ဝင်း လွတ်စောင့်နေစေ၊ဝန်၂၊စာရေး ကြီး ၂၊ ဝင်း မှူး ၁၊ အနေခံဝန်၂၊အာန်းစာရေး ၂တို့မှာလည်း ဝင်း တော်အထွင်း ထွင်ဆင့်သာရုံစရေး ၁ ဆောံ၍ နေနှင့်စေ၊စီရင်ဘွယ်ရှိသည်များ ကိုစီစဉ်စေ၊ ဒီပဲရင်း မြို့တောင်တွင်းကြီး မြို့စည့်ကူမြို့ကိုသနား တော်မူသည်၊ သား တော်အသုံး တော်ကိုင်ခံစေ။

25 April 1729

သက္ကရာဇ်၁၀၉၁ခုကဆုန်လဆန်း ၁၀ရက်နေ့နာခံ ပြော့ကြီး မှူးထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

(ဆင်၃၃)

10 May 1729

ဇေယျတု။ ။ ရှေး ထုံး စံ ရှိသည့်အတိုင်း ၊ ငသား တော်စည့်ကူး မင်း ကိုအိမ်ရှေ့
အရာ ဆောင်နှင်း တော်မူမည်အိမ်ရှေ့နှင်း စာတန်း ဟောင်း ကိုကြည့်၍သင်း
စုဝင်း စု ရွေး ခြယ်ရန်ထား ရုံအမှု များ နှင့် ဆောံလုပ်စီရင်ရုံ ရှိသည်များ ကို
စာ ဟောင်း ထုံး စံ ရှိသည်နှင့်အညီ မကျုံ့မကြွင်းရ အောင် ယခုက စေ့စေ့ငုငုပြန်ဆို
April 1729
စီရင်၊ ဆောံနှင်း တော်မူမည့် နေ့လအခါနှစ်ရက်မှာလည်း ၁၀၉၁ ခု
ကဆုန်လသင့်မြတ် ကြောင်း ကိုပညာ ရှိတို့က ရွေ့ံသည်အခါ နေ့ရက်ကို ထောက်၍လည်း
စေဉ်ပွါး မြို့စား အဝေး မြို့ဝန်စစ်ကဲတို့ကို စေ့ငု အောင် စေပါပြန်ဆိုမှာထား မြဲ
ပြန်ဆိုမှာထား ရမည်၊ ၊ အမိန့်တော်အတိုင်း ပြန်ဆိုမှာထား ၍သကြဇ်၁၀၉၁
13 August 1729
ခု တော်သလင်း လဆန်း ၂ ရက် ၅ တေး နေ့နံနက်၄ ချက်တီး ကျော်၁နာရီ၁ပါဒ်
17 August 1729
၁ဗီဇာပြည့်လျှင်အိမ်တော်ငြမ်း သစ်တူသည်၊ ၎လဆန်း ၆ ရက် ၂ လိ နေ့နံနက်၁ ချက်
တီး ကျော်၃နာရီ၂ပါဒ်၅ဗီဇနာပြည့်လျှင်အိမ်တော်တွင်းဝန်းသည်တိုင်တူသည်၊
အိမ်ရှေ့မင်း တို့လက်ဖွဲ့တော်မူရန် ရွေး ခြယ်ရုံထား သည်မှာဝန်၂အတွင်း ဝန်၂
အနေဝံဝန်၁၊ ဝင်း မှူး ၁၊ နားခံ၁၊ စာရေး ကြီး ၃၊ ပြဟ္မာသံခံ၂၊ တလိုင်းသံ
ခံ၂၊ ရှမ်း သံခံ၁၊ စား တော်ကွမ်း ရေကိုင်ရထား လိုက်၁၂၊ မြင်း စာရေး
၂၊ နေဝံတော်ပါမြင်း စုအကုံ၊ ဆင်မှူး ၁၊ ဆင်စချီ၂၊ ဆင်တော်သည်၁၂၊ လက်
ဆောင်ယူမှူး ၃၊ လက်ဆောင်ယူလိုက်စာရေး ၂၊ မြင်း လက်ဆောင်ရေး ၂၊ အ
သည်စာရေး ၃၊ အမြောက်စာရေး ၂၊ ၄င်း အစုသား ၁၀၀၊ သေနတ်စာ
ရေး ၂၊ သေနတ်စိုး ၂၊ ဗို့၄င်း အစုသား ၃၀၀၊ ဝေါ်မှူး ၊ ဝေါ်သွေံ၊ ၄င်း
အမှုထမ်း ငယ်၅၀၊ ကြိုင်း တော်စွဲငယ်၂၀၊ အတွင်း အပြင်အမှူး အမတ်အဆောင်
မြဲ သွေံစု၊ မြင်း တော်သည်အိမ်ရှေ့မင်း စား တော်ဆက်၊ အမြောက်စု သေနတ်
စု ဝေါ်ထမ်း ကြိုင်း တော်စွဲ၊ ဝေါ်တော်၁၊ ကြိုင်း တော်၆ချက်၊ အဆောင်ကွမ်း ခွက်
ရှစ်မြောင့်ပတ္တမြား ၃ ရစ်စီလဘက်အိုးရှစ်ထောင့်၊ ပတ္တမြား ၃ ရစ်စီ၊ တခေါင်း
ဘုံရှစ်ထောင့်ပတ္တမြား ၃ ရစ်စီ၊ ရွှေသား ထွေး အင်၊ ဆေး ဒါန်ပတ္တမြား စီ၊
ဆေး ကြုပ်ရွှေသား ပြေံ၊ ရပ်ငိုး ရှည်အရွက်အနား ရွှေထည့်၊ အလယ်ရွှေလုတ်၊
အငိုး ရွှေအိမ်၊ အဆောင်နီကိုင်လူ၁၀၊ အဆောင်နီလှံရှည်၊ နီး ပါး အိမ်သွပ်လှံ
လျှင်၁၀၊ နီပါး ထည်အိမ်နှင့်သေနတ်နီပါး ထည်အိမ်သွပ်၊ မေဝံတိုအိမ်ပါအနီသုတ်၊

အတင်တော်ဦဦ ရွှေပေခမောက်အတင်တော်အနီသုတ်၊ အတင်တော်ဦဦ၊ စစ်
ဘဉ်ဘူး ၁၊ တမုတ်ကြီး မိုး နီကွန်ကြာရှက်၊ ရတနာ ကြောင်အိမ်၊ ကြောင်နှင့်ရ
တနာပိုက်၊ ကြောင်အိမ်ပိုက်၊ သမီး ကညာရ၊ ရွှေတော်မြဲ ၆၊ လေသာမြဲ ၁၀၊
ပရိတ်နာဘက်မြဲ ၁၀၊ လွှက် `တိုက်စိုး ၁၊ ငှင်း စာရေး ၂၊ ပန်း ပွတ်တိုက်စိုး ၁၊
ငှင်း စာရေး ၂၊ လက်နက်တိုက်သား ၁၀၊ ဒိုင်းစာရေး ၂၊ ပန်း ပွတ်တိုက်သား
၁၀၊ ဒိုင်း၂၀၊ လှော်ကား နီလှော်လှူ၊ သူရဲပလာပဝက်စု၊ ဒိုင်း၁၀၀၊ လွှား
၁၀၀၊ ကတုတ်၅၀၊ ရွှေလေး ၁၀၀၊ အမြောက်ကြီး ငယ်၅၀၊ သေနတ်၁၀၀၊ အ
မြောက်မှူး နှင့်တောင်အင်အမြောက်စု၊ ပြည်အမြောက်စု၊ မဂ်လာကျိတော်၁၊ ကျိစိုး
၁၊ စာရေး ၂၊ လှိုင်စု၁၀၊ မြင်း တော်၁၀၊ မြင်း မှူး ၁၊ မြင်း စချီ၂၊ မြင်း
တော်စီး ၂၊ မြင်း ဆေး သမား ၁၊ မြင်း တော်ခံ၂၊ ဆင်ပေါ်၁၀၊ ဆင်မ၁၀၊
စား တော်ခဲ ၂၊ စား တော်ချက်၁၀၊ အနောက်အသုံး တိုက်စိုး ၁၊ တိုင်စာရေး
၂၊ ရွှေတော်ပြေး မှူး ၁၊ အဝှန်းငယ်သား ၁၀၀၊ မန္တန်သမား ၂၊ ဆေး သမား
၂၊ ပညာရှိ၂၊ ပရိတ်တော်ရွတ်၂၊ အဝ်သမား ၁၁၊ လွှာသမား ၁၀၊ စစ်စဉ်
သမား ၂၊ ရွှေသမား ၅၊ ပကြီ၅၊ ပန်း ပု၅၊ ပယံ၅၊ နန်းပိဿကာ၂၊ လက်သမား
၁၀၊ ပန်ပွတ်၁၀၊ ဆင်စွယ်ပွတ်၅၊ ကျောက် သွေး ၅၊ သေနတ်အိမ်လုပ်၅၊ လေးလက်
သမား ၅၊ လှေထေး သမား ၅၊ အချုပ်၅၊ စည်ာ၂၊ ဘုံသာ၁၀၊ စည်ဝန်၅၊
မြှောက်စည်ငှလက်ချပ်၅၊ ခရုသင်း ၁၊ တံပိုး တန်ရှည်၂၊ကာန်မြွှာခရာ၂၊တ ပိုး ၂
ကြီး သပြော၊ ဗြဟ္မာပတ်ဆိုင်း ၁၊ တလိုင်းပတ်ဆိုင်း ၁အကာ၁၀၊ အဆော်၂၊
အကအငြိမ့်၂ယံ၊ တေး ဆိုမိန်း မပညာသည်စာရေး ၂၊ မျက်နှာခြဉ်ကြိဝ်မိန်မရ၊
အိမ်ပရိတ်ခြဉ်စိတ်မိန်မ၅၊ အိမ်ခေါ်ရက်ယောကျ်ား ၂၊ အိမ်ထောင့်ချင်၂ရအိမ်၊
ကွမ်စဉ်မိမ္မကလပ်စော၁၀၊ အိပ်ရာတော်ခင်း မိမ္မ၁၀၊ ဝတ်လဲတော်သိမ်း မိမ္မ
၁၀၊ စား တော်ပြင်မိမ္မ၂၀၊ လက်ပါး တော်စေမိမ္မ၁၀၊ ပွဲတော်ကော်မိမ္မ၁၀၊
အချီတော်၂၊ အထိန်း တော်၄၊ အပျိုတော်၁၀၊ အဆော်အစေခံသူငယ်တော်၁၀၊
ရေတော်ခပ်၁၀၊ နို့ညစ်နွား ၁၀၀၊ ယွန်စုကောင်း ဟံ၅၊ ငါး အိုး စား၊မှံ
မန်ကောင်ဟံ၂ ဗိုလ်ထား အရွှေတံခါး မှူး ငဲ၁၀၊ အနောက်တံခါး မှူး ငဲ၁၀၊
ကံကျွေး ခံငစဉ့်ကုမြို့ဒီပဲယင်း မြို့တောင်တွင်း ကြီး မြို့မုတ္တမ ကျေး ပဏ္ဏာ၊ သကြား

ငရုပ်ပဏ္ဏာ၁၅၊ ပဝါတိုး ၅အုံး လွပ်ရွက်၅၊ ခဝါပွတ်၅၊ ပန်ဒိန်၁၀၊ ရွှေ့ရုံး စေ
၅၊ နေဝံရုံး စေ၅၊ စိုး တော်ဆံပွတ်၅၊ ရွှေချိန်၁၀၊ ငွေချိန်၁၀၀၊ ရွှေထည်
ငွေထည်အုပ်မျိုး ထည်မျိုး အသုံး အဆောင်အကိုလက်ဖွဲ့တော်မူရုံယွန် ပေါင်ပုလပိုက်
10 May 1729
ထွင်ရေးသည်၊ ၁၀၉၁ ခုကဆုံလပြည့်ကျော်၁၀ရက်၅တေး နေ့နံက်၁ချက်တီး ကျော်
၄နာရီ၂ပါဒ်၅ဗီဇနာပြည့်လျှင်အိမ်ရှေ့နှင်း အခါတော်ရသည့်အတိုင်း ဝန်ကြီး ဝန်
ထောက်များ တော်မတ်ဘော်အပေါင်း တို့ဝင်ရသည့်အခါတော်မတိုင်မှီနန်း တော်ထွင်
သား တော်စဉ့်ကူး မင်း ကိုကောင်း မွံရှော်သည့်တံဆာပဏ္ဏမြား ၊ ဆံစဉ်ဆင်ယင်
၍ပရိတ်တော်နာရသည်၊ အိမ်ရှေ့နှင်း တော်မူမည်၊ သင့် မြတ်သောမင်္ဂလာအ
ခါတော်ပြည့်စုံပြီး ဘုရား နားခံ ပျော့ကြီး များ ရှော်ရသည်၊အိမ်ရှေ့နှင်း သည့်ယွန်း
ပေါင်ပုလပိုက်အမိန့်တော်တမ်း ကိုဝန်ကြီး နေမျိုး ဇေယျနော်ရထာပြန်ရသည်။
( ဆင်၃၃ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောအသျှင်ဘုရင်မင်းတရားကြီး ဘုရား
အမိန့်တော်ရှိသည်။ တောင်ငူမုတ္တမ ရွှေခွန် ငွေခွန် တော်ဆက်သားတို့ကို ငွေခွန်
ဝန်ကဆက်သွင်း ရကောင်းသည်နှိုး ဆော်သည်၊ မြို့ဝန်အခွန်ဝန်တို့က နှိုး ဆော်၍
အခွန်ဘော်ကိုဆက် သောကျွန်တော်မျိုး ဆင်းရဲသား အပေါင်းတို့သည်မရပ်မခံ
နိုင်အောင်တယောက်ကိုတယောက်လွှတ်ရှိကြောင်းကိုနား တော်ကြား တော်မူရ
သည်၊ ငွေခွန်ဝန်မှာမြစ်စဉ်ညာတူး ရွင်း တိုင်အကြေဇရွာအညာဇရွာစီရင်
ဆော်နှိုး ရမည်ကို တောင်ငူမုတ္တမအခွန်ဘော်ဆက်တို့ကိုဆွဲငင်၍အနာအကျင်ရှိရ
သည်မှာဆင်းရဲသားတို့ငြိမ်ဝပ်မည်မဟုတ်၊ တောင်ငူမုတ္တမမြို့ဝန်အခွန်ဝန်သီး
ခြားခန့်ထား၊ လေပြီးသည်၊ တောင်ငူမုတ္တမမြို့ဝန်အခွန်ဝန်တို့က နှိုး ဆော်ကောံ
ခံ၍ဆက်မြဲအတိုင်း အခွန်စာရေးတို့ကြပ်မ၍ ရွှေဘဝါး တော်မြတ်အောက်တလုံး တ
ဝတည်း ဆက်သွင်း စေ၊ ငွေခွန်ဝန် တောင်ငူမြို့ဝန်အခွန်ဝန်တို့ကိုပြန်ဆို။

24 October 1736

သက္ကရာဇ် ၁၀၉၈ ခုတန်ဆောင်မုန်း လဆန်း ၂ ရက်နေ့နား ၆ ပြေ့
ကြီး မှူး ရာဇတမန် ရွှေလွှတ်တော်သို့ပြန်သည်။

( ဇမ္ဗူဒီပဥဆောင်း ၊ မျ[illegible] )

16 April 1743

ခံတော ကျောင်း ဆရာတော် မေတ္တာစါသွင်း သည်တရား မင်း မြတ်၊ ဆရာတော် မိဘပေါက်ဘော်ဆွေသား မျိုး သား ၄၅ တို့သည် ခံတောရွာပြည်စိုး မြေတိုင်တို့စီရင် စုဖြစ်၍အသည်မှာထမ်း ရသည်၊ အမှုအခင်း အသွယ်သွယ်အဝဝများ လှ၍ ပေး ဆုံရ သည်၊ ဆရာတော်မိဘပေါက်ဘော်ဆွေသား မျိုး သား ဦး ရေ၄၅ လူတို့သည်၊ ကြေး တင်ကျွန်ဖြစ်သား နစ် မြေး မွန်း ရှိသည်၊ ဘဝရှင်အသည်က နုတ်၍ နုတ်ရှင်မြင်း မှာ ထမ်း ပါရမည်အမှုတော် ပေါ်ထွက်သမျှတို့ကို ရှိရင်း မြင်း စီး တို့နည်း ထမ်း ရွက်ပါရ စေမည့်အကြောင်းကို မေတ္တာစါသွင်း သည်တရား မင်း မြတ်၊ ခံတောဆရာတော် ကသွင်း သည်၊ စာတွင်ဦး ရေ၄၅ ပါသည်၊ ဆရာတော်မိဘပေါက်ဘော်ဆွေရင်း မျိုး ခြာလူဦး ရေ၃၀ တို့ကို နုတ်ရှင်မြင်း စုမှာထမ်း ရွက်စေ၊ ခံတောရွာပြည်စိုး မြေ တိုင်တို့အုပ်စု ခေါင်း နက်အသည်မှာတိုင်စာရင်း ဘွဲ့ဘက်ခင်သော်လည်း ဆရာတော် မိဘပေါက်ဘော်ဆွေရင်း မျိုး ခြာဦး ရေ၃၀ တို့ကို နုတ်ရမည်။

16 April 1743

သက္ကရာဇ် ၁၁၀၅ ခုကဆုန်လဆန်း ၅ ရက် ဝနေ့နား ခံစ မြောင်မှူး ပြန်။

( ဝက်မစွတ်စါစု )

အောင်မြေစံလွှတ်ဆရာတော် မေတ္တာစာသွင်း သည်မဟာဓမ္မရာဇာတရား မင်းမြတ်၊ ရေမြေသခင်ဘဝရှင်ဘုရား တော်မာန် အောင်ရတနာဒါယကာ တော်လက်ထက်ဆရာတော်ကိုပထမဦး အထူး ချီး မြှင့်တော်မူ၍ မိဘဆွေသား ချင်း တို့ကိုမင်း ရဲမြင်း မှာထမ်း ရွက်စေအမိန့်တော်ကိုဦး ထိပ်ရွက်ရသည့်အတိုင်း ဆရာတော်မိဘနှမညီမဆွေသား မျိုး သား ဦး ရေ၅၅တို့ကိုထမ်း ရွက်ပါသည်ကို မင်း ဝံလေးထပ်ဆရာတော်တွင်ဘုရား ဘေး မိဘတို့လက်ထက် ကျောင်း မှီစာရင်း မကြေဆို၍ဆရာတော်သား ချင်း တို့ကို ခေါ်ချ၍ ရှိပြန်ရသည်၊ ရေမြေရှင်လက်ထက်ဆရာတော်တွင်ဘေး ဘုရား တို့ကိုမင်း ဝံလေး ထပ် ကျောင်း ဆရာတော် ရေး ထား သည့်စာရင်း နှင့်ပါသည်ကိုဖျက်ချေပါရမှဘုရား တော်ဘဝရှင်မင်း တရား အမိန့်တော်အတိုင်း တည်၍အရှည်သား ကသည် မြေး ၊ မြေး ကသည်မြစ်၊ မြစ်ကသည်အဆက်အနွယ်တိုင်း မင်း ရဲမြင်း မှာထမ်း ရွက်မြဲထမ်း ရွက်ပါရမည့်အကြောင်း ကို မေတ္တာစာသွင်း ပါသည်တရား မင်း မြတ်။

အောင်မြေစံလွှတ်ဆရာတော်ကိုဘုရား တော်ဘုရား လက်ထက်ပဉ္စင်း တော်ပထမဦး ဖြစ်၍အထူး ချီး မြှင့်တော်မူရာတွင်မိဘဆွေသား မျိုး သား တို့ကိုမင်း ဝံလေး ထပ်ဆရာတော်စီရင်စုကနှုတ်၍ မင်း ရဲမြင်း စုမှာသွင်း သည်၊ စာရင်း ရှိသျှင်မင်း ဝံလေး ထပ်ဆရာတော်တွင်ရှိသည့်လက်စွဲစာကိုကြည့်၍ အောင်မြေစံလွှတ်ဆရာတော်မိဘပေါက်ဘော်ဆွေသား မျိုး သား တို့စာရင်း ကိုဝန်တို့ကချေစေရမည်။

21 April 1743

သက္ကရာဇ်၁၁၀၅ခု ကဆုန်လဆန်း ၁၀ရက်၅နေ့နား ခံစမြောင်မှူးကြီး ပြန်။

(သုတေသီစါစု၊ ဝက်မစွတ် ဓါစု)

မှန်စီကျောင်း ပထမဆရာတော် ဆွေသား မျိုးသား ငရန်အောင်၊ ငပြည့်စုံ၊ ငဆုပေါင်း ၊ ငလှကျော်တို့လေး ယောက်ကအမှုတော်ကောင်း ရာထမ်း ရွက်ပါမည့်အကြောင်း ကိုလက်ဝဲဝင်း မှူး နန္ဒသူရိယက ရှိခိုး သံတော်ဦး တင်သည့်အတိုင်း လက်ဝဲဝင်း တော်ဒိုင်း လေး စို့သို့သွင်း၍ လေး ခေါင်း သား တို့ကိုရှိရင်း ဒိုင်းသား တို့နည်း ညီမျှ အောင်ဝင်ထွက်အိပ် နေစေ၊ အမှုတော်ကောင်း ရာထမ်း ရွက်စေ၊ ငရန်အောင်ခေါင်း စု၊ ငပြည့်စုံခေါင်း စု၊ ငဆုပေါင်း ခေါင်း စု၊ ငလှကျော်ခေါင်း စု၊ ဦး ရေစာရင်း ကိုလက်ဝဲဝင်းမှူးနန္ဒသူရိယကို ခေါ်၍ဝန်တို့ကအပ်ရမည်။

16 April 1743

သက္ကရာဇ်၁၁၀၅ ခုကဆုန်လဆန်း ၅ ရက်ဝ နေ့နား ခံစမြောင်မှူး ပြန်။

( သုတေသီစါစု၊ ဝက်မစွတ် စါစု )

ဘုရားကျွန်တော်ဝန်တို့ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား ။ မဟာမုနိနောက်လေးထပ်ကျောင်း မဟာသံဃနာထဆရာတော်နှင့် ကျောက်မျက်ပြည်စိုး တို့တိသာသနဝရသမ္ဗောဓိဆရာတော် ရွှေဆရာတော်ကလည်း အဲတဲမဲ ကျော်နှင့်အဝင်အပါလူပေါင်း ၁၅၀တို့ကို ညောင်ရမ်း မင်းတရားထွက်တော်မူရာတွင် ရွှေကရားနှင့် ရေစင်တော်သွန်း ချ၍ပျူတော်မူသည်၊ ရွာလေး ထောင့်ကိုအဲတဲမဲ ကျော်တို့ကစောင့်နေ၍ ရွာနှင့်တကွပျူတော်မူ သောလူတို့ကဆင်း သက်ဆက်နွယ်သမျှတို့ကို ကျောင်းတော်ကသာဆိုင်သည်ဆိုသည်၊ ကျောက်မြက်သူကြီး လည်း ကျောက်မြက်ရွာဆိုင်သည့်အသည်ဆိုကြရာတွင် ဝိနည်း မိုရ်ဆရာတော် ကောက်ချက်တွင် လေးထပ်ဆရာတော်ကအမည်အမှတ်ပြု၍ ကျောက်မြက်ရွာလေး ထောင့်က စ၍အဲတဲမဲ ကျော်တို့ကိုပျူတော်မူသည်ဆိုချက်အတိုင်း ကျောင်း တော်ကဆိုင်သမျှမိမ္မ ယောကျ်ား တို့တွင် ကျောက်မြက်သူကြီး ကတခဏပြ၍ ကောက်နှုတ်စေ၊ ကောက်နှုတ်သည့်လူတို့နှင့် ကျောက်မြက်သူကြီး ရေပြိုင်စေ၊ လူတရုံးဖြစ်လျှင်စီရင်ရမည့်လူတဘက်ကတံဆိပ်ရဆရာတော်၊ တဘက်ကရွာသူကြီး ဖြစ်သည်၊ ဝန်ရှင်တော်တို့စီရင်ရာပြီး ပြတ်စေ၊ ကောက်ယူတော်မူချက်ကိုလွှတ်တော်သို့တင်ရာတွင်ဝိနည်း မိုရ်ဆရာတော် ကောက်ချက်အတိုင်း အဲတဲမဲ ကျော်တို့အဆက်အဝင်အပါငသာရနှင့် ကျောက်မြက်ပြည်စိုး ကိုရေပြိုင်စေ၊ ဘုရားကျွန်တော်တို့ကောက်ယူပါစေသည်ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ရွက်ပါသည်ဘုရား ။ ဝိနည်း မိုရ်ဆရာတော်ကောက်တမ်း အတိုင်း ဝန်တို့စီရင်သည်၊ သင့်ပြီ။

21 May 1743

သက္ကရာဇ် ၁၁၀၅ ခုနယုန်လဆန်း ၁၀ရက်ဝနေ့နား ခံစမြောင်မှူး ပြန်။

(သုတေသီစါစု ၊ ဝက်မစွတ် စါစု)

23 May 1743

ဘုရားကျွန်တော်ဝန်တို့ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား ၊ ဝိနည်းမိုရ်ဆရာတော်မဟာမြတ်မုနိနောက်လေးထပ်ကျောင်းဆရာတော်နှင့် ကျောက်မျက်သူကြီး ဝိနည်းမိုရ်ဆရာတော် ရှေ့ဆိုသည့်စကားတွင် ကောက်တမ်းထားသည့်အချက်ကိုဘုရားကျွန်တော်တို့ရှိခိုးသံတော်ဦးတင်ရာတွင်သင့်ပြီ၊ အမိန့်တော်မြတ်ကိုဦးထိပ်ထက်ရွက်ရသည့်အတိုင်း ကျောက်မျက်သူကြီးက ကောက်နှုတ်သည့်အတိုင်း ဆိုသူငသာရနှင့် ကျောက်မျက်သူကြီးကို ရေပြိုင်စမ်မည်နှစ်ဘက်သားတို့ကို ရေဆိပ်သို့ရောက်အောင် သွားစေရာတွင် ကျောက်မျက်သူကြီး ရေမပြိုင်ဝံ့ရှိရာတွင် ငသာရကိုလေးထပ်-ကျောင်းဆရာတော်ကိုစာရင်းကျယ်စာရင်းချုပ်နှင့်ဦး ရေ ၁၅၀၊ သက္ကရာဇ်
23 May 1743
၁၁၀၅ ခုနယုန်လဆန်း ၁၂ ရက် ၂ နေ့အပ်ပါသည့်အကြောင်းကိုရှိခိုးသံတော်ဦးတင်ပါသည်ဘုရား ၊ ဝန်တို့လျှောက်သည်၊ သင့်ပြီ။

23 May 1743

သက္ကရာဇ် ၁၁၀၅ ခုနယုန်လဆန်း ၁၂ ရက် ၂ နေ့နားခံ စမြောင်မှူးပြန်။

(သုတေသီစာစု၊ ဝက်မစွတ် စာစု)

အိမ်ရှေ့ကျောင်း တော်သီရိမဟာမဂ်လဓဇဆရာတော် မေတ္တာမပြတ်ပို့အပ်သော မဟာဓမ္မရာဇ်တရား မင်းမြတ်၊ ဆရာတော်ဆွေသား မျိုးသား မဟာပိန္နဲ ဆောင်တော်ထမ်း ၊ လက်ပံဖျား စား ၊ မဆုတ်စား ၊ မကျီး စား ၊ ငရွှေမုံ၊ စစ်ကိုင်း ဂူသစ် ထောင်မှူး တို့ကို နောက်တော်ပါတန့်ကျည်စား သွေး သောက်လုံ ပေါက်မြင်း စုမှာထမ်း ပါရမည့်အကြောင်း အစုရင်း သူငယ်တော်ဆင်တော်တလိုင်း လုပ်ပန်း ပုရိုး မှ နှုတ်တော်မူပါမည့်အကြောင်း ကို မေတ္တာစာသွင်း သည်တရား မင်းမြတ်၊ ဆရာတော်ကသွင်း သည်လက်ပန်စား ၊ မဆုတ်စား ၊ မန်ကျည်း စား ငရွှေပုံတို့ကိုလုံ ပေါက်မြင်း စု မြေမှာထမ်း စေ၊ နောက်ဝန်စီရင်စုသူငယ်တော် ဆင်ဝန်စီရင်စုသူရဲစုအစုရင်း ကနှုတ်တော်မူသည်၊ ဘွဲ့ဘက်တော်မူသည့်လုံ ပေါက်မြင်း စုမှာထမ်း ရွက်စေ၊ တလိုင်း ရိုး ပန်း ပုစုစစ်ကိုင်း ထောင်မှူး ငထွန်း ကျော်ကို နောက်တော်ပါတန့်ကျည်စား သွေး သောက်မှာထမ်း ရွက်စေ၊ ပန်း ပုတလိုင်း အရိုး အစည်ကနှုတ်တော်မူသည်၊ သွင်း သည်၊ သွေး သောက်မှာထမ်း ရွက်စေ။

31 May 1743

သက္ကရာဇ် ၁၁၀၅ ခုနယုန်လပြည့်ကျော် ၅ ရက် ၃ နေ့နား ခံစမြောင်မှူး ပြန်။

( သုတေသီ စါစု၊ ဝက်မစွတ် စါစု )